ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်၊ တနင်္လာနေ့ (12-9-2011) (၆၈၀၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# တွက်ခြေမကိုက်၍ ဆန်စပါးစိုက်ပျိုးရန် ပူပင်ကြောင့်ကြနေမှုများ

## အထူးအထွက်တိုး စပ်မျိုးစပါးဖြင့် အထွက်နှုန်းနှစ်ဆတိုးရန် ဆောင်ရွက်ပေးမည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျော်ဘွယ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ချောင်းမကြီးခြံ တစ်ဆက်တစ်စပ်တည်း နေကြာစပ်မျိုးများ ဧက ၅၀ စိုက်ခင်း၌ ဒေသခံတောင်သူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော်　　စက်တင်ဘာ　　၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးမှုကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် စည်ပင်ကျေးရွာအနီးရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စည်ပင်ခြံသို့ ရောက်ရှိရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စပ်မျိုးနေကြာ စိုက်ပျိုးထုတ်လုပ်မှုနှင့် F-1 စပ်မျိုးနေကြာ တစ်ဧကတင်း ၅၀ မှ ၆၀ အထိ ထွက်ရှိနိုင်ပြီး တစ်ဧကဆီပိဿာ ၂၂၀ ထွက်ရှိနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက သုံးငွေ၊ ဝင်ငွေ တွက်ခြေကိုက်ပြီး စိုက်ပျိုးရာ၌ ဖြစ်ထွန်းအောင်မြင်လွယ်ကူသည့် ဆီထွက်နေကြာအား တိုးချဲ့စိုက်ပျိုး အကောင်အထည်ဖော်သွားရန် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းပြီး F-1 စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်ငန်းအား ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ထုတ်လုပ်လာစေရေးအတွက် ပညာပေးလုပ်ငန်းများကို နယ်မြေဒေသအလိုက် စံပြစိုက်ကွင်းများထူထောင်ပြီး ယခုထက်ပိုမို၍ တိုးတက်စိုက်ပျိုး အကောင်အထည်ဖော်ရန် မှာကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ချောင်းမကြီးခြံ တစ်ဆက်တစ်စပ်တည်း နေကြာစပ်မျိုးများ ဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ စားအုန်းဆီများ နှစ်စဉ်ဝယ်ယူတင်သွင်း ဖြန့်ဖြူးပေးနေရမှုကို ဆီထွက်နေကြာနှင့် အစားထိုးပြီး ဆီဖူလုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများ ယခုထက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

# ရန်ကုန်-မန္တလေး အမြန်လမ်း ဆွာချောင်းတံတား ကမ်းကပ်ခုံပြုပြင်

## တံတားရေတိုက်စားမှုမှ ကာကွယ်ရန် ပြည်ထောင်စုဝန်ကြီး မှာကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပဲခူး-စစ်တောင်း တူးမြောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော်　　စက်တင်ဘာ　　၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း (မြို့ချောင်း-သာဂရ) လမ်းအပိုင်း မိုင်တိုင်အမှတ် (၁၆၅/၀)နှင့် (၁၆၅/၃)အကြား၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေတိုက်စားမှုကြောင့် ဆွာချောင်းတံတား ကမ်းကပ်ခုံ မြေထိန်းနံရံပျက်စီးမှုကို လူအင်အားဖြင့် သဲအိတ်များချ၍ ကာကွယ်ထိန်းသိမ်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တံတားရေတိုက်စားမှု ထပ်မံမဖြစ်ရန် သဲအိတ်များချ၍ ကာကွယ်ရန်၊ ရေရှည်ခိုင်ခံ့မှုရှိအောင် ကျောက်စီရေကာနံရံများပြုလုပ်ပေးရန်နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## သတင်းအညွှန်း

ချယ်လ်ဆီးတွင် ပုံမှန်ပွဲထွက်ခွင့်ရရေး ဟာနန်ဒီတောရက်စ် ကြိုးပမ်းရမည်
(သတင်း)
စာမျက်နှာ - ၁၀

DJ တစ်ယောက် ဖြစ်ရန်သင်ယူနေသည့် ပဲရစ်ဟီလ်တန်
(သတင်း)
စာမျက်နှာ - ၈

ကြေးမုံ The Mirror
၁၂-၉-၂၀၁၁
(တနင်္လာနေ့)

# လူ့ညွန့်တုံးစေမည့်အန္တရာယ်တားဆီးနှိမ်နင်း

မူးယစ်ဆေးဝါးသည် မြန်မာတစ်နိုင်ငံတည်း၏ အန္တရာယ်မဟုတ်ဘဲ ကမ္ဘာ့လူသားမျိုးနွယ်စုတစ်ရပ်လုံးအထိ လူ့ညွန့်တုံးစေမည့် အန္တရာယ်ဖြစ်သည်။ မူးယစ်ဆေးဝါးသည် သုံးစွဲသူ၏ လူနေမှုဘဝကို ညစ်နွမ်းစေသည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ ထိခိုက်ပျက်စီးဆုံးရှုံးစေသည်။ ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးအမျိုးမျိုး သုံးစွဲမှုများ ပျံ့နှံ့လာလျက်ရှိရာ နိုင်ငံအလိုက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အလေးထား လုပ်ဆောင်နေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး နည်းဗျူဟာ(၃)ရပ်ဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းနေသည်။ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို အင်တိုက်အားတိုက် ဖော်ဆောင်လျက်ရှိရာ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ခရီးရောက် အောင်မြင်မှုရရှိနေသည်။

ဘိန်းစိုက်ပျိုးလေ့ရှိသော ဒေသများအတွင်း ဘိန်းခင်းများကို ဒေသခံပြည်သူတို့နှင့်အတူ ဖျက်ဆီးနိုင်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် တောင်သူများ ရေရှည်ပုံမှန်ဖူလုံသည့်ဝင်ငွေ ရရှိစေမည့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအားပေးကြရပေမည်။ ထွက်ရှိသီးနှံများ ဈေးကွက်ရရှိရေး၊ ဈေးကွက်သို့ တင်ပို့နိုင်မည့် ကုန်ထုတ်လမ်းများ ကောင်းမွန်ရေးတို့ကို လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှုများသည် ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် ဆက်စပ်လျက်ရှိရာ မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို အရှိန်အဟုန်မြှင့် တားဆီးနှိမ်နင်းလျက်ရှိသည်ကို တွေ့ရသည်။ အလားတူ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် အသွင်အမျိုးမျိုး၊ လမ်းကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိရာ ဂရုပြုဖော်ထုတ်တားဆီးကြရန်လည်း လိုအပ်သည်။

တစ်ဖက်မှလည်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးအန္တရာယ်များ လျှော့ချရေး လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ကြရပေဦးမည်။ စီမံကိန်းနယ်မြေများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပို့ချခြင်း၊ ပညာပေးဆောင်ပုဒ်များ ရေးဆွဲပြသထားခြင်း၊ ရပ်ရွာလူငယ်များအား ဆင့်ပွားဆွေးနွေးခြင်းတို့ကိုလည်း တိုးမြှင့်အားထုတ်ကြရန် လိုအပ်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး ကြိုးပမ်းနေကြသည့်တိုင် မူးယစ်ဆေးဝါး အမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲမှု ပိုမိုပျံ့နှံ့လာပြီး လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲ ဖြစ်သည်။ နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက လူ့ညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

## အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ အထူးကုဆေးရုံ(မင်္ဂလာဒုံ)ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၁

**အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထူးကုဆေးရုံ(မင်္ဂလာဒုံ)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။** (အောက်ပုံ)

ရှေးဦးစွာ ဆေးရုံဧည့်ခန်းမဆောင်၌ နိုင်ငံခြားရေးဝန်ကြီးဌာန သုတေသနလေ့ကျင့်ရေးနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာစံ၊ သမားတော်ကြီး ဒေါက်တာထင်အောင်စော၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံပြီး လူနာများ ဆေးကုသခံယူမှုအခြေအနေ၊ ဆေးရုံ၏စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် သိရှိလိုသည်များကို မေးမြန်းသည်။

ယင်းနောက် Mr. Derek Mitchell နှင့်အဖွဲ့သည် အထူးကုဆေးရုံ(မင်္ဂလာဒုံ) အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အထူးကုဆေးရုံ(မင်္ဂလာဒုံ)၌ AIDS ဝေဒနာရှင် ၈၁ ဦး တက်ရောက်၍ ART ဆေးကျွေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## တရုတ်နိုင်ငံ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့ ရိုးရာတေးဂီတနှင့် အကများဖြင့် ဖျော်ဖြေတင်ဆက်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေပွဲကို စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးအဖွဲ့ဝင်များ၊ တရုတ်ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ တရုတ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးကြီးစိန်နှင့် တရုတ်နိုင်ငံချစ်ကြည်ရေး ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်တို့က အမှာစကားပြောကြားကြပြီး တရုတ်နိုင်ငံ ချစ်ကြည်ရေး ယဉ်ကျေးမှုအဖွဲ့မှ ရိုးရာတေးသီချင်းအဆို၊ အကများဖြင့် ကပြဖျော်ဖြေကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က ဂုဏ်ပြုလက်ဆောင်ပန်းခြင်း ပေးအပ်ခဲ့ကြသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၉-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၇။ သန့်စွာကိုင်လေစက္ကူငွေ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၃၅)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၂၄)(ဇာတ်သိမ်း)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၄၉)**
၂၄။ Mini Series

## ကုန်သည်/စက်မှုအသင်းချုပ် ရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဂျပန်နိုင်ငံ CIESF အဖွဲ့တို့ ပူးပေါင်းပြီး Business Plan Contest ကျင်းပရေးနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ် ခန်းမကြီး၌ ကျင်းပရာ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဂျပန်နိုင်ငံ CIESF မှ Representative, Mr. Satoshi Mitsukuri တို့က Business Plan Contest ကျင်းပမည့်ကိစ္စနှင့် COBLAS Training ကျင်းပမည့်ကိစ္စတို့ကို ရှင်းလင်းပြောကြားကြသည်။

Business Plan Contest ကို Level နှစ်ခု ခွဲခြားပြုလုပ်မည်ဖြစ်ပြီး Level Aတွင် အသက်(၂၃)နှစ် အောက်ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ ချီးမြှင့်မည်ဖြစ်၍ Level B တွင် အသက်(၂၈)နှစ်အောက် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ ၃၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ကုန်သည်/စက်မှုအသင်းချုပ် HRD ဌာန ဖုန်း-၂၁၄၃၄၄-၉ (Ext; 108)သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
| --- | --- | --- |
| ထိုင်း (ဘတ်) | ၃၀. ၀၅၀၀ | ၀. ၀၃၃၂၈ |
| တရုတ် (ယွမ်) | ၆. ၃၈၉၃၀ | ၀. ၁၅၆၅၁ |
| အိန္ဒိယ (ရူပီး) | ၄၆. ၄၈၀၀ | ၀. ၀၂၁၅၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၀၇၅၀ | ၀. ၃၃၂၅၀ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၂၈၆၀ | ၀. ၈၁၃၉၃ |
| ဂျပန် (ယန်း) | ၇၇. ၅၉၅၀ | ၀. ၀၁၂၈၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၇၈. ၀၅ | ၀. ၀၀၀၉၃ |
| ယူရို | ၀. ၇၃၂၄၅ | ၁. ၃၆၅၂၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၉၇၂ | ၁. ၅၈၈၀၀ |

*အင်တာနက်။*

**ပြည်တွင်းအခွန်များဦးစီးဌာန ပုဇွန်တောင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့နှင့် စပ်လျဉ်း၍ အခွန်ထမ်းများ လိုက်နာရမည့် တာဝန်နှင့် ထားရှိရမည့် စာရင်းပုံစံများကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကြည်ဝင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။**
(ကြေးမုံ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၁ - ၉ -၂၀၁၁

| | | |
| --- | --- | --- |
| မြိတ် | ၄ ဒသမ ၀၉ | လက်မ |
| ကော့သောင်း | ၄ ဒသမ ၁၁ | လက်မ |
| ချောင်းဆုံ | ၃ ဒသမ ၉၈ | လက်မ |
| ကျိုက်မရော | ၂ ဒသမ ၅၉ | လက်မ |
| ပဲခူး | ၂ ဒသမ ၅၇ | လက်မ |
| မုဒုံ | ၂ ဒသမ ၃၆ | လက်မ |
| ကော့ကရိတ် | ၁ ဒသမ ၇၃ | လက်မ |
| မင်းကင်း | ၁ ဒသမ ၆၅ | လက်မ |

## မကွေးဒီဂရီကောလိပ် (၁၉၉၁-၁၉၉၂) စတုတ္ထနှစ် ဓာတုဗေဒ ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

၁၉၉၁-၁၉၉၂ ဓာတုဗေဒ စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများက ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာ၊ ဆရာမများအား နိုဝင်ဘာ ၁၁ ရက်တွင် ပထမအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို မကွေးမြို့၌ ကျင်းပမည်ဖြစ်ရာ သက်တင်ဦး ဖုန်း-၀၉-၅၀၁၄၃၇၃၊ စုစုပို ဖုန်း-၀၉-၄၇၁၃၅၀၄၆၊ ချိုချိုလှိုင် ဖုန်း-၀၅၆-၂၂၁၀၀၊ မူမူစန်း ဖုန်း-၀၉-၄၉၁၅၁၂၂၃၊ သက်ကြူ ဖုန်း-၀၉-၅၀၅၇၈၇၆၊ အောင်နိုင်ဝင်း ဖုန်း-၀၉-၅၃၃၇၀၇၀၊ သီတာသိန်း ဖုန်း-၀၉-၅၃၄၃၆၉၆၊ အေမိမိလတ် ဖုန်း-၀၉-၂၃၀၅၇၀၀၊ ကျော်သူ ဖုန်း-၀၆၅-၄၅၄၈၃နှင့် ချိုနွယ်ဦး ဖုန်း-၀၉-၅၃၃၃၀၆၈ တို့သို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

☆ **ရန်ကုန်-မန္တလေးမှ**

ချောင်းရေစားမှု လမ်းကြောင်းလွှဲ ပြုလုပ်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်-မန္တလေး အမြန်လမ်း ဘုရားကြီးလမ်းခွဲမှ တစ်ဆင့် ရန်ကုန်-ပဲခူး-မော်လမြိုင်ကားလမ်း၌ ရွှေသံလွင် ကုမ္ပဏီက B.O.T စနစ်ဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒိုက်ဦး-စစ်တောင်းလမ်းရှိ ပဲခူး-စစ်တောင်းတူးမြောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာချုပ် ဦးတင့်ဆန်းတို့၏ တံတားတည်ဆောက်မှုနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ရှင်းလင်းတင်ပြမှုအပေါ် တံတားကြီးကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်၍ လက်စသတ်လုပ်ငန်းများ အားလုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားလက်ရန်းများကို လက်ရာသေသေသပ်သပ်ဖြင့် စနစ်တကျဆောင်ရွက်ရန်နှင့် တံတားချဉ်းကပ်လမ်းကိုလည်း တံတားနှင့်အတူ တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တံတားပေါ်၌ သတ်မှတ်ထားသည့် ယာဉ်နှစ်လမ်းသွား အကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်သုံးပေစီ ပေါင်းခြောက်ပေ ပြည့်မီအောင် ဆောင်ရွက်ထားရှိမှု၊ တံတားလက်ရန်းများဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှုတို့ကို တံတားတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝေါမြို့နယ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီးနှင့် ဝန်ထမ်းများအား မိမိမြို့နယ် အတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ မြို့နယ်အင်ဂျင်နီယာများက မိမိမြို့နယ်အတွင်းရှိ B.O.T လမ်းများကိုလည်း စစ်ဆေးကြပ်မတ်ရန်၊ ရရှိရန်ပုံငွေများကို စနစ်တကျစိစစ်အသုံးပြုရန်၊ ဝန်ထမ်းများကိုလည်း ဖွဲ့စည်းပုံအတိုင်း စနစ်တကျ ခန့်ထားတာဝန်ပေးအပ်ရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ရန် တို့ကို မှာကြားခဲ့ပြီး မြို့နယ်ရုံး အဆောက်အအုံကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပင်မအလုပ်ရုံ(တောင်)ရွာမ အင်းစိန်သို့ ရောက်ရှိပြီး ရုံးအဆောက်အအုံများ တည်နေရာ၊ ဝန်ထမ်းအိမ်ရာများ၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ ရန်ပုံငွေရရှိမှုနှင့် စက်ယာဉ်ယန္တရားများ အကြီးစားပြင်ဆင်ထားရှိမှုတို့အပေါ် ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများကို စနစ်တကျထိန်းသိမ်းထားရှိရန်၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံကို သတ်မှတ်ထားသည့်အတိုင်း တာဝန်ပေးခန့်ထားရန်၊ ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်အသုံးပြုရန်၊ စီမံကိန်းကြီးများ၊ လုပ်ငန်းခွင်များတွင် အသုံးပြုနိုင်ရန် စက်ယန္တရားများအား စနစ်တကျ ပြင်ဆင်သွားရန်တို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
# ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း တက်ရောက်ဖွင့်လှစ်ပေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ယနေ့ နံနက် ၈ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပသော ပဲခူးတိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ပြိုင်ပွဲများကျင်းပခြင်းအားဖြင့် မြန်မာ့အနုသုခုမပညာရပ်များက ဆောင်ကြဉ်းလာခဲ့သော ယဉ်ကျေးသိမ်မွေ့မှု၊ ဖြူစင်ဖြောင့်မတ်ရိုးသားမှု၊ ရိုးရာဓလေ့စရိုက်အစဉ်အလာ လိုက်နာကျင့်ကြံ ထိန်းသိမ်းမှု၊ အမျိုးအနွယ်ကိုစောင့်ရှောက်မှုစသော လေးစားမြတ်နိုးဖွယ်ရာ မြန်မာ့ဂုဏ်ရည်များ ပိုမိုတိုးတက်မြဲမြံခိုင်မာစေလျက်ရှိကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးအသိ၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ပယဉ်ကျေးမှု လွှမ်းမိုးမှုများကို ခုခံရင်ဆိုင် ကျော်လွှားမှုမပြုနိုင်လျှင် တစ်ချိန်ချိန်တွင် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ တိမ်ကောပျောက်ကွယ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၏ သီဆို၊ ကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြိုင်ပွဲဝင်များ တည်းခိုနေသော နေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

○ **ရွှေဖုံးမှ**

ပိုမိုအကောင်အထည်ဖော် စိုက်ပျိုးထုတ်လုပ်ကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံ၌ စပ်မျိုးစပါးဧက ၃၀ မျိုးစေ့ထုတ်စိုက်ခင်းနှင့် နေကြာစပ်မျိုး ၁၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီးက ဆန်စပါးစိုက် တောင်သူများအနေဖြင့် အခြားဝင်ငွေရလုပ်ငန်းများနှင့် နှိုင်းယှဉ်ပြီး တွက်ခြေမကိုက်၍ ဆန်စပါးစိုက်ပျိုးရန် ပူပင်ကြောင့်ကြနေမှုများကို အထူးအထွက်တိုးစပ်မျိုးစပါးများဖြင့် အထွက်နှုန်း နှစ်ဆတိုးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စပ်မျိုးစပါး F-1 များသည် သိပ္ပံနည်းကျစိုက်နည်းစနစ်ကို ကျင့်သုံးလိုက်နာဆောင်ရွက်ပါက တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိမည်ဖြစ်၍ တောင်သူလယ်သမားများအတွက် အကျိုးအမြတ်လွန်စွာ တွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ထို့အတွက် F-1 မျိုးစေ့ထုတ်လုပ်ငန်းများကို ပညာရှင်များအနေဖြင့် အလေးအနက်ထားပြီး ထိရောက်အောင်မြင်စွာ ကိုယ်ရောစိတ်ပါနှစ်၍ လုပ်ဆောင်ရန်လိုကြောင်း၊ လက်ရှိဆောင်ရွက်နေသော ဧက ၁၃၀ စိုက်ခင်းမှ ထွက်ရှိလာမည့် F-1 မျိုးစေ့များကို တစ်ဧကအတွက် မူလရည်မှန်းချက်အား ပြည့်မီကျော်လွန်အောင် အစွမ်းကုန်ဆောင်ရွက်ကြရန်နှင့် ဆုပေးဒဏ်ပေးစနစ်ဖြင့် စိုက်ကွင်းအလိုက် အောင်မြင်မှုများကို မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော F-1 မျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးပြီး လာမည့်နွေရာသီတွင် တစ်ဧကတင်း ၂၀၀ အထက် လက်တွေ့အမှန်ထွက်ရှိနိုင်မှုကို စံပြစိုက်ကွင်းကြီးများ ထူထောင်၍ စိုက်ပျိုးလုပ်ဆောင်ရေး ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၁

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြပြီး ဆပ်ကော်မတီဝင်များက အခမ်းအနားပြင်ဆင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက် တို့ကို တင်ပြကြရာ ဒုတိယဝန်ကြီးက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယခင်နှစ်များကထက်ပိုမို၍ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ဟာကွက်မရှိစေရေးနှင့် အကောင်းဆုံးပြင်ဆင်ဆောင်ရွက်ထားရှိရေးအတွက် ကော်မတီဝင်များအချင်းချင်း ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်ပြီး လုပ်ငန်းများအောင်မြင်ရေးကို စေတနာထားပြီး အလေးအနက်ထား ဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့သည်။

(သတင်းစဉ်)

# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း ရေဝင်ရပ်ကွက်များ၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့ (၆၂)လမ်းရှိ တောင်စလင်းတိုက်သစ် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းက ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသော ရေများဝင်ရောက်ခဲ့သည့် ညောင်ကွဲမြောက်ရပ်တွင် ကုသိုလ်ဖြစ်ဆေးခန်းကို စက်တင်ဘာ ၆ ရက်က လူနာ ၁၆၅ ဦးအား အခမဲ့ဆေးကုသပေးသည်။ စက်တင်ဘာ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ပထမရက်တွင် လူနာ ၂၄၀ အား အခမဲ့ဆေးကုသပေးခဲ့သည်။ စေတနာရှင်ဆရာဝန်များ၊ သူနာပြုများ၊ ကလျာဏမိတ္တ လူမှုကူညီရေးအသင်း၊ စိတ္တသုခ ပရဟိတလူငယ်များ ပါဝင်ကုသိုလ်ယူကြသည်။ ဝမ်းလျှောရောဂါနှင့် ယားနာများ ကူးစက်မှုမဖြစ်ပွားရေး အတွက်လည်း ဆောင်ရွက်ပေးကြသည်။ အဆိုပါနေရာတွင် ငါးရက်တိတိ ကုသိုလ်ဖြစ် ဆေးခန်းကို ဖွင့်လှစ်**(အောက်ဝဲပုံ)**ပြီး ရေများကျဆင်းသည်အထိ ကျန်းမာရေးအတွက်လိုအပ်သည်များကိုဆက်လက်ဆောင်ရွက်သွားကြသည်။ (၀၀၂)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၆) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ရွှေဝင်းနှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီမှူးကြီးမှူး၍ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ၊ ဆရာမ ၁၇၀ နှင့် ကျောင်းသား၊ ကျောင်းသူ ၈၅၀ စုစုပေါင်း ၁၀၂၀ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောဆွေးနွေးသည်။

**(ယာပုံ)** (ကြေးမုံ)



မှူးယစ်ကိုပစ်ပန်းတိုင်သစ်စိတ်သစ်လူသစ်ဘဝသစ်

နိုင်ငံတကာသတင်းများ
နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ဟာရက်ပြည်နယ်၌ အကြမ်းဖက်သမားအန္တရာယ်ကာကွယ်ရေးအတွက် စစ်ဆေးမှုများ ပြုလုပ်နေသော အာဖဂန်တပ်ဖွဲ့ဝင်များအား စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု ၁၀ နှစ်ပြည့်အကြိုကာလ တာလီဘန်များ၏ ကားဗုံးတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၇၇ ဦးဒဏ်ရာရ

ကဘူး စက်တင်ဘာ ၁၁

**အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုအား ပစ်မှတ်ထား၍ တာလီဘန် သောင်းကျန်းသူများက ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၈၀ နီးပါးမျှ ဒဏ်ရာရခဲ့ကြပြီး အာဖဂန်ပြည်သူငါးဦး သေဆုံးခဲ့ရကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ယနေ့ ပြောကြားသည်။**

အမေရိကန်တပ်ဖွဲ့ဝင်များအားလုံး အာဖဂန်မြေမှ ထွက်ခွာသွားသည့်တိုင် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့က ကြေညာချက်ထုတ်ပြန်ပြီးမကြာမီ စက်တင်ဘာ ၁၀ ရက် ညပိုင်း၌ အဆိုပါ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဝါဒက်ပြည်နယ်ရှိ ဆေယက်အဘက်ဒ်အမည်ရှိ အမေရိကန်စစ်စခန်းဝင်ပေါက်၌ ဖြစ်ပွားခဲ့သော အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကို တာလီဘန်အသေခံဗုံးခွဲသမားတစ်ဦးက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး မီးသွေးတင်မော်တော်ယာဉ်ပေါ်တွင် တင်ဆောင်ထားသည့်ဗုံးအား ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုသည် ပြင်းထန်သော်ငြားလည်း စစ်စခန်းပြင်ပ၌ ထားရှိသော အကာအကွယ်တံတိုင်းများကြောင့် အဖျက်စွမ်းအားလျော့ပါးခဲ့ရကြောင်း နေတိုးတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၇၇ ဦး ဒဏ်ရာများရရှိခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှ စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သော ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွင် ၎င်းတို့ ပါဝင်ပတ်သက်မှုမရှိကြောင်း စက်တင်ဘာ ၁၀ ရက်က ထုတ်ပြန်ခဲ့သည့် တာလီဘန်တို့၏ ကြေညာချက်၌ အလေးအနက် ဖော်ပြထားသည်။

၂၀၀၁ ခုနှစ် စင်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုကို အကြောင်းပြု၍ ဖြစ်ပွားခဲ့သော အာဖဂန်စစ်ပွဲသည် ၁၀ နှစ် ကြာညောင်းခဲ့ပြီဖြစ်သော်လည်း အရှိန်ပြင်းထန်နေဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ **အင်တာနက်။**

## ယီမင်ကြည်းတပ်က အယ်လ်ခိုင်ဒါတို့လက်မှ တောင်ပိုင်းမြို့ကို ပြန်သိမ်း

**အေဒင် စက်တင်ဘာ ၁၁**

မေလကတည်းက အယ်လ်ခိုင်ဒါအဖြစ်ယူဆရသူ စစ်သွေးကြွများ သိမ်းထားသည့် ယီမင်နိုင်ငံ တောင်ပိုင်းအက်ဘ်ယန်ပြည်နယ်၏ မြို့တော်ကို ယီမင်ကြည်းတပ်က ပြန်လည်သိမ်းယူနိုင်ခဲ့ပြီဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် စစ်ဘက်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်းဌာနက စနေနေ့တွင် ဖော်ပြခဲ့သည်။

စစ်သွေးကြွများ ထိန်းချုပ်ထားသည့် ပင်လယ်ကမ်းခြေမြို့ ဇင်ဂျီဘာကို လွန်ခဲ့သည့်နှစ်လမှစတင်၍ ယီမင်ကြည်းတပ်က ထိုးစစ် ဆင်ခဲ့သည်။

နေ့စဉ် ရေနံစည်သုံးသန်းခန့်ဖြတ်သန်းလျက်ရှိသည့် မဟာဗျူဟာမြောက်သင်္ဘောလမ်းကြောင်းရှိရာ ရေလက်ကြား၏ အရှေ့ဘက်ကမ်းတွင် ယင်းမြို့တည်ရှိသည်။

လွန်ခဲ့သည့် သီတင်းပတ်က လေကြောင်းနှင့် လက်နက်ကြီးများ၏ အထောက်အကူဖြင့် ကြည်းတပ်က တိုက်ခိုက်ခဲ့သော်လည်း စစ်သွေးကြွများသည် အက်ဘ်ယန်ပြည်နယ်အတွင်းမှ နောက်ထပ်တစ်မြို့ကို သိမ်းယူခဲ့သည်။

ယီမင်အခြေစိုက် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်မှုရှိသူများအဖြစ် ယူဆရသူ တိုက်ခိုက်ရေးသမားများက ဇင်ဂျီဘာမြို့အနီးရှိ အစိုးရတပ်စခန်းတစ်ခုကို လေးလကြာဝန်းရံထားခဲ့ရာ ကြည်းတပ်က ဖြိုခွင်းနိုင်ခဲ့ပြီဖြစ်ကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက စနေနေ့စောစောပိုင်းတွင် ပြောကြားခဲ့သည်။

စစ်သွေးကြွများသည် အက်ဘ်ယန်ပြည်နယ်အတွင်းရှိ ၎င်းတို့ ထိန်းချုပ်ထားဆဲဖြစ်သည့် ဂျားမြို့သို့ ထွက်ပြေးကြကြောင်း၊ ဇင်ဂျီဘာမြို့တွင်းနှင့် အနီးတစ်ဝိုက်တိုက်ပွဲများတွင် စစ်သွေးကြွသုံးဦးသေဆုံးခဲ့ပြီး ကြည်းတပ်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်တာဝန်ရှိသူက ပြောကြားသည်။

ဇင်ဂျီဘာမြို့မှ ကီလိုမီတာ အနည်းငယ်မျှသာ ကွာဝေးသည့် အစိုးရ၏ အမှတ်(၂၅)တပ်မဟာတပ်စွဲရာ စစ်စခန်းသည် မေလအတွင်းကတည်းက စစ်သွေးကြွများ၏ ဝိုင်းရံထားခြင်း ခံခဲ့ရသည်။

**ရိုက်တာ။**

## မိုဂါဒစ်ရှုးမြို့တွင် စီအိုင်အေအကျဉ်းစခန်းတည်ရှိမှုသတင်းများ ဆိုမာလီယာ ပယ်ချ

**မိုဂါဒစ်ရှူး စက်တင်ဘာ ၁၁**

မိုဂါဒစ်ရှူးမြို့တော်၌ အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က အကြမ်းဖက်သမားအဖြစ် သံသယရှိသူများကို စစ်ဆေးမေးမြန်းရာတွင် အသုံးပြုသည့် မြေအောက်အကျဉ်းစခန်းရှိသည်ဟူသော သတင်းများအား ဆိုမာလီယာအစိုးရက ပယ်ချလိုက်ကြောင်း စက်တင်ဘာ ၉ ရက်သတင်းများတွင် ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်ရှိ ဆိုမာလီယာသမ္မတ အိမ်တော်ဝင်းအတွင်း မြေအောက်၌ စီအိုင်အေ၏ လျှို့ဝှက်အကျဉ်းစခန်းတည်ရှိနေသည့် သက်သေအထောက်အထားများအား ရရှိထားကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် လူ့အခွင့်အရေးအုပ်စုတစ်စုက ပြောကြားခဲ့သည်။

မိုဂါဒစ်ရှူးမြို့တော်ရှိ စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်း၌ ထိန်းသိမ်းထားသူများအနက် အချို့မှာ အသက် (၁၄)နှစ်မျှသာရှိသေးသော ဆယ်ကျော်သက်လူငယ်များဖြစ်သည်ဟုဆိုသည်။

ထိန်းသိမ်းခံထားရသူများအနက် ကင်ညာနိုင်ငံသားတစ်ဦးမှာ ရွှေ့နေနှင့်လည်း တွေ့ခွင့်မရ၊ နေ့နှင့်ညပင် မခွဲခြားနိုင်သည့်အခြေအနေမျိုးဖြင့် ၁၈ လကြာမျှ ချုပ်နှောင်ခံခဲ့ရကြောင်း ဗြိတိန်လူ့အခွင့်အရေးအုပ်စုက ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့ရှိ စီအိုင်အေအဖွဲ့၏ လျှို့ဝှက်အကျဉ်းစခန်းဆိုင်ရာ စွပ်စွဲချက်များအား အမေရိကန်တာဝန်ရှိသူများက မှတ်ချက်တစ်စုံတစ်ရာ မပေးသေးပေ။

မိုဂါဒစ်ရှူးမြို့တော် ဆိုမာလီယာသမ္မတ အိမ်တော်ဝင်းအတွင်း စီအိုင်အေအဖွဲ့၏ မြေအောက်အကျဉ်းစခန်းရှိသည်ဟူသော သတင်းမျိုးကို မိမိတို့ ရဖူးခြင်းလည်းမရှိ ကြားသိရခြင်းလည်းမရှိကြောင်း ဆိုမာလီယာဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ **အင်တာနက်။**

**စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများရှိမည်ဟု သတင်းများထွက်ပေါ်နေသည့် မိုဂါဒစ်ရှူးမြို့တော်အတွင်းရှိ ဆိုမာလီယာသမ္မတ အိမ်တော်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အင်ဒိုတောမီးရှို့ခြင်းမှ ပြာမှုန်များကြောင့် လေထုညစ်ညမ်းဟု မလေးရှားဆို

**ကွာလာလမ်ပူ စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ စိုက်ပျိုးမြေဖော်ထုတ်ရန် တောမီးရှို့ခြင်းကြောင့် မလေးရှားနိုင်ငံတွင် လေထုညစ်ညမ်းလျက်ရှိရာ ယင်းပြဿနာနှင့် စပ်လျဉ်း၍ မလေးရှားအစိုးရက အင်ဒိုနီးရှားအစိုးရသို့ အကြောင်းကြားကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြထားသည်။မလေးရှားပတ်ဝန်းကျင်ရေးရာဝန်ကြီး ဒေါက်ကလပ်ဉူဂါအင်းဗား(စ်)က အင်ဒိုနီးရှား ပတ်ဝန်းကျင်ရေးရာဝန်ကြီးထံသို့ စာတစ်စောင်ပေးပို့ရာတွင် ဆူမတြားကျွန်းပေါ်၌ အကြိမ်ပေါင်းရာနှင့်ချီ၍ တောမီးရှို့ခဲ့သည်ဟု ယူဆကြောင်း ဖော်ပြထားသည်ဟု ဘာနားမားသတင်းဌာနက ရေးသားသည်။

လယ်ယာမြေပြုပြင်ရာတွင် တောမီးရှို့ခြင်းကို တရားမဝင်သောလုပ်ရပ်အဖြစ် အင်ဒိုနီးရှားအစိုးရက အမိန့်ထုတ်ထားသော်လည်း တရားဥပဒေစိုးမိုးရေးဝန်ထမ်းများ၏ အားနည်းချက်ကြောင့် ယင်းဥပဒေကို လျစ်လျူရှုကြလျက်ရှိသည်။ သို့ဖြစ်ရာ ဒေသတွင်း၌ ညစ်ညမ်းသောလေထုက ပုံမှန်ဖုံးအုပ်လျက်ရှိသည်။

မလေးရှားနိုင်ငံ ပြည်နယ်တစ်ခွင်အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် လေထုညစ်ညမ်းမှု ပေါ်ပေါက်ခဲ့သည့် ၂၀၀၅ ခုနှစ်မှစတင်၍ တောမီးရှို့မှုပြဿနာကို နိုင်နိုင်နင်းနင်းကိုင်တွယ်နိုင်ရန် အင်ဒိုနီးရှားနိုင်ငံက ပိုမိုကြိုးပမ်းခဲ့ကြောင်း မလေးရှားသဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပမည့် အာဆီယံဆွေးနွေးပွဲ၌ အင်ဒိုနီးရှားပတ်ဝန်းကျင်ရေးရာဝန်ကြီး ဂူတီမိုဟာမက်ဟတ်တာနှင့် တွေ့ဆုံဆွေးနွေးရမည်ဟု မျှော်လင့်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

တောမီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာသော မီးခိုးပြာမှုန်များပြဿနာကို ဖြေရှင်းရန် ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ထူထောင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို မလေးရှားက တိုက်တွန်းမည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။**အေအက်ဖ်ပီ။**

**စိုက်ပျိုးမြေဖော်ထုတ်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းပေါ်၌ တောမီးရှို့ထားသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အာဖရိက၏ အိုင်စတိုင်းများထွက်ပေါ်ရေး သင်္ချာပညာရပ်ဆိုင်ရာ ဒုတိယမြောက် သုတေသနသိပ္ပံ ဆီနီဂေါ၌ ဖွင့်လှစ်

**ဒက္ကာ စက်တင်ဘာ ၁၁**

အာဖရိကတိုက် အနောက်ပိုင်း ဆီနီဂေါနိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း သင်္ချာဘာသာရပ်ဆိုင်ရာ သုတေသနသိပ္ပံတစ်ခုကို ဖွင့်လှစ်ခဲ့ရာ ရူပဗေဒပညာရှင် အဲလ်ဘတ်အိုင်စတိုင်းကဲ့သို့သော ပညာရှင်များ အာဖရိကတိုက်မှ ပေါ်ထွက်လာရေးအတွက် အထောက်အကူပြုလာနိုင်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယခု ဆီနီဂေါနိုင်ငံ၌ ဖွင့်လှစ်နိုင်ခဲ့သော သင်္ချာဘာသာရပ်ဆိုင်ရာ သုတေသနသိပ္ပံသည် အာဖရိကတိုက်၏ ဒုတိယမြောက် သင်္ချာဘာသာရပ်ဆိုင်ရာ ဗဟိုဌာနတစ်ခု ဖြစ်လာသည်။

အာဖရိကတိုက်၏ ပထမဆုံး သင်္ချာပညာရပ်ဆိုင်ရာ သုတေသနသိပ္ပံဖြစ်သော အာဖရိက သင်္ချာဘာသာရပ်ဆိုင်ရာ အင်စတီကျု(အေအိုင်အမ်အက်စ်)ကို တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့၌ ၂၀၀၃ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ဆီနီဂေါနိုင်ငံ၌ ဖွင့်လှစ်ခဲ့သည့် သင်္ချာပညာရပ်ဆိုင်ရာ သုတေသနသိပ္ပံသည် သုတေသနနှင့် ပညာရေးဆိုင်ရာ ကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမည်ဖြစ်သည်။

အာဖရိကတိုက်၌ လတ်တလောကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာလုံခြုံရေးနှင့် ကူးစက်ရောဂါ ဖြစ်ပွားမှုပြဿနာများအား အာဖရိကတိုက်သားများ ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်ရန် အဆိုပါ သုတေသနသိပ္ပံက လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ဆီနီဂေါနိုင်ငံ ဒက္ကာမြို့တော်၏ အရှေ့တောင်ဘက်မိုင် ၅၀ အကွာ၌ တည်ရှိသည့် သင်္ချာဘာသာရပ်ဆိုင်ရာ သုတေသနသိပ္ပံကို ဆီနီဂေါအစိုးရ၏ အထောက်အပံ့ဖြင့် ဥရောပသုတေသနအဖွဲ့အစည်းများက ကမကထပြု တည်ထောင်ပေးခဲ့ခြင်းဖြစ်သည်။

အာဖရိက၏ ဒုတိယမြောက် သင်္ချာဘာသာရပ်ဆိုင်ရာ သုတေသန အင်စတီကျု(အေအိုင်အမ်အက်စ်)ကို အာဖရိကတိုက် နိုင်ငံပေါင်း ၁၄ နိုင်ငံတို့မှ မဟာတန်းအဆင့်ရှိသည့် ကျောင်းသား ၃၅ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

# ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံပွဲ ပေါင်းတည်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပေါင်းတည် စက်တင်ဘာ ၁၁

သတင်း-မာမာစိုး(ကြေးမုံ)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲကို တော်သလင်းလဆန်း ၁၂ရက်မှ ၁၅ရက်အထိ လေးရက်တိုင်တိုင် နှစ်စဉ် အစဉ်အလာမပျက် ကျင်းပပြုလုပ်ခဲ့ရာ (၁၁၁)ကြိမ်မြောက်ပွဲတော်ကို ပေါင်းတည်မြို့တွင် ကျင်းပလျက်ရှိသည်။**

တော်သလင်းလဆန်း ၁၂ ရက်တွင် ပြည်သူများ ဖူးမြော်နိုင်ရန်အတွက် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်တော်မူသည့် ဂန္ဓကုဋီတိုက်အတွင်းရှိ ရွှေပလ္လင်ထက်မှ လှည့်လည်အပူဇော်ခံမည့် ရွှေကျောင်းဆောင်ပေါ်သို့ပင့်ဆောင်၍ စတင်အပူဇော်ခံသည်။ မင်္ဂလာဆိုင်းအဖွဲ့များမှ ဓမ္မတေးများဖြင့် ပူဇော်ကန်တော့၍ စွယ်တော်မြတ်ပင့်ဆောင်ခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် စတင်ကျင်းပသည်။

အပူဇော်ခံပြီး ဂန္ဓကုဋီတိုက်တော်တွင် တစ်ညတာ ပြန်လည်ကိန်းဝပ်တော်မူသည်။

တော်သလင်းလဆန်း ၁၅ ရက် နံနက်တွင် ဂန္ဓကုဋီတိုက်မှ ယာယီစံမြန်းသည့် ရွှေကျောင်းဆောင်ပေါ်သို့ ပြန်လည်ပင့်ဆောင်အဖူးမြော်ခံသည်။ ည ၉ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော် အဖူးမြော်ခံရာ ရွှေကျောင်းဆောင်ထက်မှ နှစ်ပတ်လည်စံမြန်းရာ ဂန္ဓကုဋီတိုက်အတွင်းသို့

*မြတ်စွယ်တော် အခမ်းအနား စီစဉ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်း။*

*ပေါင်းတည် ဗုဒ္ဓမြတ်စွယ်တော် မြို့နယ်များသို့ ဆင်ရတနာများနှင့် ခမ်းခမ်းနားနားလှည့်လည်အပူဇော်ခံသည်ကို တွေ့ရစဉ်။*

တော်သလင်းလဆန်း ၁၃ ရက်တွင် ဗုဒ္ဓမြတ်စွယ်တော်ကို ဆင်တော်ဖြင့် ပင့်ဆောင်ကာ ဆင်ရတနာများခြံရံလျက် စည်တော်များ၊ ဝတ်အသင်းများ၊ ရုပ်သေနိပါတ်တော်ယာဉ်များ၊ ဓမ္မစကြာအသင်းအဖွဲ့များနှင့် ဝင်းခင်းအဖွဲ့များ စသည်တို့ဖြင့် ရပ်ကွက်အသီးသီး၊ လမ်းအသွယ်သွယ်သို့ လှည့်လည်အပူဇော်ခံကြသည်။ ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရာတွင် ရပ်နား၍ အပူဇော်ခံနိုင်ရန်အတွက် နေရာကိုးခု စီစဉ်သတ်မှတ်ထားသည်။ ရပ်နားစခန်း တစ်ခုသို့ ရောက်တိုင်း ၁၅ မိနစ်ကြာ အပူဇော်ခံသည်။ ရပ်ကွက်အသီးသီးမှ စေတနာရှင်များကလည်း ရပ်နားစခန်းများတွင် အကျွေးအမွေးအမျိုးမျိုးဖြင့် လှည့်လည်လာသောအဖွဲ့သားများနှင့် ဘုရားဖူးပြည်သူများကို တည်ခင်းဧည့်ခံမှုများ ပြုကြသည်။ မြန်မာ့ဂီတပညာများနှင့်သာမက ခေတ်ပေါ်တေးဂီတများနှင့်ပါ တွဲဖက်၍ မြန်မာတို့၏ ရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တော်သလင်းလဆန်း ၁၄ ရက်တွင် နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ စွယ်တော်မြတ်ရတနာအား ကိန်းဝပ်ရာ စိန်ကြုတ်တော်ကိုဖွင့်လှစ်၍ ဖူးမြော်

ပြန်လည်ပင့်ဆောင်၍ မြတ်စွယ်တော် ပွဲတော်ကြီးကို အောင်မြင်စွာကျင်းပသည်။

မြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူအပေါင်းတို့သည် စွယ်တော်မြတ်အတွက် ဝတ္ထုငွေများသာမက ရတနာပစ္စည်းများပါ ထည့်ဝင်လှူဒါန်း

ကြသည်။ ဖူးမြော်ရန် လာရောက်ကြသူများမှာ ကြက်ပျံမကျ စည်ကားလှသည်။ ထိုပွဲတော်ကြီးသို့ ဒေသပေါင်းစုံမှ လူမျိုးပေါင်းစုံတို့ လာရောက်ပူဇော်ကြသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။ ထိုပွဲတော်

သို့ လာရောက်ဖူးမြော်သူများ လုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်အဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များက ပွဲတော်ရက်များအတွင်း အချိန်ပြည့် ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

မြတ်စွယ်တော် အခမ်းအနားစီစဉ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းက "ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်ရတနာကို သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံမှ ၁၂၅၉ ခုနှစ်မှာ ပင့်ဆောင်လာခဲ့ပါတယ်။ ပေါင်းတည်မြို့ကို ၁၂၅၉ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲမှာ အထူးမီးရထားဖြင့် ရောက်ရှိလာခဲ့ပါတယ်။ အဲဒါကြောင့် နှစ်စဉ်နှစ်တိုင်း တော်သလင်းလဆန်း ၁၃ ရက်နေ့မှာ လှည့်လည် အပူဇော်ခံပွဲကြီးကို ကျင်းပလာခဲ့တာ ယခုဆိုရင် နှစ်ပေါင်း ၁၁၄ နှစ်ရှိပြီဖြစ်ပြီး (၁၁၁)ကြိမ်မြောက် ကျင်းပတာ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်ပူဇော်ပွဲမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပလာနိုင်ပြီး ထုံးတမ်းအစဉ်အလာအတိုင်း တစ်နှစ်လျှင် ၄ ရက်ကြာမျှ ကျင်းပခဲ့ရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ ။

*ပေါင်းတည် ဗုဒ္ဓမြတ်စွယ်တော် ဘုရားပွဲတွင် ဈေးဆိုင်ခန်းများနှင့် ဘုရားဖူးပြည်သူများစည်ကားလျက်။*

# ကျားဖောင်ရေလုပ်သားများနှင့် လုပ်ငန်းရှင်များ အာမခံထားရှိနိုင်ရေး ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ကျားဖောင်ရေလုပ်သားများအနေဖြင့် ပင်လယ်ပြင်အတွင်း လုပ်ကိုင်နေကြရာတွင် အသက်ဆုံးရှုံးရသည့် ဖြစ်စဉ်များ ကြုံတွေ့ရလေ့ရှိသဖြင့် ဘဝနောင်ရေးအထောက်အကူဖြစ်စေမည့် အသက်အာမခံထားရှိခွင့်ရှိပါက ထားရှိလိုကြောင်းနှင့် အသက်အာမခံအကျိုးခံစားခွင့်နေရာ၌ အလောင်းမရသော အကျိုးခံစားမှုကို နှစ်နှစ်စောင့်ဆိုင်းပြီးမှသာ အကျိုးခံစားခွင့်ပြုမည့်ကိစ္စအား သင့်လျော်သည့် ကာလတစ်ခုကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း ဖျာပုံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်အမတ် ဦးစိုးနိုင်၏ မေးမြန်းခဲ့မှုအပေါ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကျားဖောင်ရေလုပ်သားများအတွက် ယင်းလုပ်ငန်းကို ဦးစီးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များက ရေလုပ်သားများကိုယ်စား ကျားဖောင်လုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအဖြစ် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိနိုင်ပါက ဘေးအန္တရာယ်တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှင် သေဆုံး (သို့မဟုတ်) ပျောက်ဆုံးသွားသူ ကျားဖောင်ရေလုပ်သားများအတွက် ကျန်ရစ်သူမိသားစုက အာမခံလျော်ကြေးရရှိနိုင်ပြီး အခြေမပျက် ဘဝရပ်တည်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနက မြန်မာ့အာမခံလုပ်ငန်းကို အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ကျားဖောင်တာဝန်ရှိမှု အာမခံသည် မြန်မာ့အာမခံလုပ်ငန်းက ဝန်ဆောင်မှုပေးနေသော ရေယာဉ်လုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအမျိုးအစားနှင့် တစ်ထပ်တည်း အကာအကွယ် ပေးထားသော်လည်း ရေယာဉ်လုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံတွင် စက်တပ်ရေယာဉ်များအပေါ်၌သာ အကျုံးဝင်ပြီး မြန်မာ့အာမခံလုပ်ငန်းက ခွင့်ပြုလက်ခံသွားမည့် ကျားဖောင်လုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအမျိုးအစားတွင် ကမ်းနီးကမ်းဝေး ပင်လယ်ပြင်အတွင်း စက်မဲ့ရေယာဉ်ကျားဖောင်လုပ်ငန်း၌ တာဝန်ထမ်းဆောင်နေသူ ရေလုပ်သားများ ဘဝရှေ့ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ဖြေကြားသွားခဲ့သည်။

ကျားဖောင်လုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအမျိုးအစားသည် အာမခံအမျိုးအစားအသစ်တစ်မျိုးဖြစ်ပြီး ယင်းကို ပရီမီယံကြေးအနေဖြင့် လုပ်သားတစ်ဦးအတွက် အာမခံတစ်ယူနစ်လျှင် ၃၅၀၀ ကျပ်နှင့် လျော်ကြေးငွေကို ကျပ် ငါးသိန်း သတ်မှတ်ထားသည်ဟု သိရသည်။ ကျားဖောင်ရေလုပ်သားတစ်ဦးသည် လျော်ကြေးသိန်း ၂၀ အထိ ရရှိနိုင်မည့် အာမခံယူနစ် လေးယူနစ်အထိ ဝယ်ယူနိုင်သည်ဟု သိရသည်။ (ဆုနှင်းလှဲ့-ကြေးမုံ)

# တို တို ထွာ ထွာ ဖတ် စ ရာ

## အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီအပူဇော်ခံပွဲ ကျင်းပမည်

***ညောင်ရွှေ စက်တင်ဘာ ၁၁*** - နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီအပူဇော်ခံပွဲတော်ကို ၁၃၇၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၃ ရက် (၂၈-၉-၂၀၁၁ မှ ၁၅-၁၀-၂၀၁၁ ရက်)အထိ အင်းလေးဒေသ(၂၁)ဌာနသို့ ကြွချီအပူဇော်ခံမည်ဖြစ်ပြီး အဆိုပါပွဲတော် ကျင်းပမည့်နေရာဌာနများတွင် ရိုးရာလှေပြိုင်ပွဲများ ဇာတ်ပွဲ၊ ကြည့်ချင်ပွဲ၊ အားကစားပြိုင်ပွဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၆၇၅)

## မြို့သစ်များ၌လည်း သွားလာရေးအဆင်ပြေစေချင်

***ရန်ကုန် စက်တင်ဘာ ၁၁*** - ရန်ကုန်မြို့၏ ခရီးသွားပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မထသ)အောက်ရှိ ယာဉ်လိုင်းများ၊ ခရိုင်အလိုက်ယာဉ်လိုင်းများ၊ ငြိမ်းချမ်းရေး ယာဉ်လိုင်းများ၊ သန်မြန်သူ ယာဉ်လိုင်းများဖြင့် ခရီးသွားလာမှုအဆင်ပြေအောင် ပြေးဆွဲပေးလျက်ရှိသည်။

သို့သော်လည်း မြို့သစ်များ၌ ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းအချို့သည် သတ်မှတ်ယာဉ်ကြောအတိုင်း ပြေးဆွဲမှုမရှိခြင်း၊ ယာဉ်စီးရေ အပြည့်အဝ ဝင်ရောက်ပြေးဆွဲမှုမရှိခြင်းတို့ကြောင့် မြို့သစ်နေပြည်သူများ သွားလာရေးအခက်အခဲကြုံတွေ့ရလျက်ရှိသည်။

ရွှေပေါက်ကံမြို့သစ်နေသူတစ်ဦးက "လမ်းပျက်တာကို အကြောင်းပြုပြီးတော့ ကားတွေက လမ်းကြောင်းမမှန်ဘဲ ပြေးဆွဲကြပါတယ်။ တစ်ခါတလေ တစ်စီးလောက်သာ အယောင်ပြပြေးဆွဲပြီး ကားတွေပျောက်နေပါတယ်။ စက်မှုဇုန်လမ်းမှာ (၁၀၂)၊ (၁၅၉)ဒိုင်နာကား၊ (၁၀၃)မင်္ဂလာဈေးကားလေးတွေနှင့် (၁၀၃/၁၀၈)မီနီ ဘတ်စ်ကားတွေဟာ မပြေးဆွဲသလောက်ရှိနေပါတယ်။ လိုင်းကားနည်းတဲ့အတွက်ကြောင့် စီးရတဲ့ပြည်သူတွေ ဒုက္ခရောက်ကြပါတယ်" ဟု ပြောပြသည်။ မြို့သစ်များနေပြည်သူများမှာ သွားလာရေးအဆင်ပြေလိုကြကြောင်း သိရသည်။ (ကိုကြီးသာ)

## မြို့အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိသော ခရီးသည်တင်ယာဉ်များအား ဒဏ်ငွေတပ်အရေးယူ

***ရန်ကုန် စက်တင်ဘာ ၁၁*** - ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲမောင်းနှင်လျက်ရှိသော ခရီးသည်တင်ယာဉ်များ မြို့အင်္ဂါရပ်နှင့် လျော်ညီမှုမရှိပါက ဒဏ်ငွေကျပ် ၁၀၀၀၀ တပ်ရိုက်အရေးယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အများပြည်သူ စီးနင်းလိုက်ပါနေကြသည့် ခရီးသည်တင်ယာဉ်များ ကြံ့ခိုင်မှုအနေအထား မကောင်းမွန်မှု၊ ကားမှန်များ မပါရှိမှု၊ ထိုင်ခုံများမပါရှိမှု၊ မိုးယိုနေမှု၊ မီးခိုးအလွန်အကျွံထွက်မှု၊ ဆေးသားများပျက်၍ ဟောင်းနွမ်းနေမှုစသည်ဖြင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိဟု သတ်မှတ်ခံရပါက မ.ထ.သ ဗဟိုမှ ထုတ်ပြန်ထားသော စည်းကမ်းချက် ၁၃၈ ချက်ထဲတွင် ပါရှိသည့်အတိုင်း ဒဏ်ငွေကျပ် ၁၀၀၀၀ တပ်ရိုက်အရေးယူမည်ဖြစ်သည်။ ဒုတိယအကြိမ် ထပ်မံစစ်ဆေးတွေ့ရှိပါက ဒဏ်ငွေများထပ်မံတိုးမြှင့်အရေးယူသွားမည်ဖြစ်ပြီး ဆက်လက်ပြေးဆွဲရန် မသင့်သည့် အနေအထားဖြစ်ပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်လိုင်စင်သက်တမ်းတိုးမြှင့်ပေးမည်မဟုတ်ကြောင်းလည်း သိရသည်။ မြို့အင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိသောယာဉ်များအား စစ်ဆေးအရေးယူရာတွင် ခရီးသည်တင်ယာဉ်များသာမက စီးတီးတက္ကစီယာဉ်များကိုလည်း အရေးယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (၀၀၁)

## မွန်ပြည်နယ်အတွင်း ရော်ဘာတိုးချဲ့စိုက်ပျိုး

***ရန်ကုန် စက်တင်ဘာ ၁၁*** - မြန်မာ့ရော်ဘာကို မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့က အဓိကဝယ်ယူကြပြီး ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ကလည်း ဝယ်လိုအားရှိလာသည်။ ပြည်တွင်းစက်ရုံအလုပ်ရုံ၊ စက်မှုဇုန်များနှင့် ထပ်မံဖြစ်ထွန်းလာမည့် စက်မှုဇုန်၊ စက်မှုစီမံကိန်းကြီးများ၏ ရော်ဘာကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်တင်းနိုင်ရန် ရော်ဘာကုန်ကြမ်း အဓိကထွက်ရာ မွန်ပြည်နယ်၌သာမက ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌လည်း ရော်ဘာစိုက်ပျိုးလာကြသည်။

ရော်ဘာကို မွန်ပြည်နယ်၌ ၁၉၈၈ ခုနှစ်က ၇၆၆၀၇ ဧကသာ စိုက်ပျိုးခဲ့ရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဧက ၄၂၃၆၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခု ၂၀၁၁ ခုနှစ် ဩဂုတ်လကုန်အထိ ဧက ၄၆၄၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ (ကိုချစ်)

## ရေကြောင်းဆိုင်ရာ အသက်မွေးမှုသင်တန်းကျောင်းများဖွင့်

***ရန်ကုန် စက်တင်ဘာ ၁၁*** - ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် သင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေကြောင်းဆိုင်ရာ အသက်မွေးမှုပုဂ္ဂလိက သင်တန်းကျောင်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွင့်လှစ်ခွင့်ပြုလိုက်ပြီဖြစ်သည်။

ယင်းသင်တန်းကျောင်းများမှ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း၊ Uniteam Marine(Yangon) Ltd.၊ Kabar Services Co.,Ltd.၊ Unique Marine Services Co.,Ltd.၊ MYANSEA နှင့် MOSA တို့ ဖြစ်သည်။

အဆိုပါ သင်တန်းကျောင်းများသို့ Basic English Skill Test (Best) အောင်မြင်ပြီးသူများအား တက်ရောက်ခွင့်ပြုသွားမည်ဖြစ်ပြီး အခြေခံသင်္ဘောသားအလုပ်အကိုင်ရရှိရေးအတွက် မရှိမဖြစ်လိုအပ်သည့် Basic Safety Training (BST) နှင့် Pre-Sea Training Course များအတွက် စက်တင်ဘာ ၅ ရက်မှ စတင်၍ တစ်ချိန်တည်း ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ (နွဲ့နွဲ့ကြည်-သတင်းစဉ်)

# ပန်းပေါင်းစုံပွင့်သော ဥယျာဉ်ကြီးများ

ချစ်နိုင် (စိတ်ပညာ)

**- မုတ -**

လူ့ဘဝမှာ အတွေ့အကြုံလိုပေသည်။ အတွေ့အကြုံကို ဝယ်ယူ၍ မရနိုင်ပေ။ အတွေ့အကြုံကို လဲလှယ်၍လည်း မရနိုင်ပေ။ ကိုယ်တွေ့အတွေ့အကြုံမှ ဘဝသင်ခန်းစာအသိပညာရနိုင်သဖြင့် အကျိုးရှိလေသည်။ တန်ဖိုးရှိပေသည်။

အတွေ့အကြုံဟု ဆိုရာတွင် နှစ်မျိုးရရှိနိုင်ပါသည်။

ပထမအမျိုးအစားမှာ အထက်မှာ ဖော်ပြခဲ့သော ကိုယ်တွေ့ဘဝ အတွေ့အကြုံများ ဖြစ်ပါသည်။ မီးကပူကြောင်း၊ ရေခဲကအေးကြောင်း၊ နှင်းဆီပန်းက မွှေးကြောင်း၊ ပေါက်ပန်းပွင့်က ဘာမှအနံ့မမွှေးကြောင်း၊ အပ်အဖျားက ချွန်ကြောင်းနှင့် စူးလျှင် နာကြောင်း အစရှိသည်တို့သည် လူကို အသိဉာဏ်ရစေသော **"မုတ အတွေ့အကြုံ"** ဟု ခေါ်ပါသည်။

**- သုတ -**

အတွေ့အကြုံနောက်တစ်မျိုး ရှိပါသေးသည်။

စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိနိုင်သော **"သုတအတွေ့အကြုံ"** ဖြစ်ပါသည်။ တောတောင်ရေမြေအကြောင်း၊ ကမ္ဘာကြီးအကြောင်း၊ စကြဝဠာကြီးအကြောင်း၊ လူသားများ အဆင့်ဆင့် ယဉ်ကျေးလာကြပုံအကြောင်း၊ မြန်မာနိုင်ငံ၏ သယံဇာတများအကြောင်း၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေအကြောင်း၊ လူ့ခန္ဓာကိုယ် ဖွဲ့စည်းရှင်သန်ပုံအကြောင်း၊ မုတအတွေ့အကြုံမှဖြင့် အချိန်ကာလများစွာ ရင်းနှီးပြီး လေ့လာရမည့် ဗဟုသုတများကို စာပေနှင့်ရုပ်ရှင်၊ တီဗွီ၊ ဗီဒီယို၊ ရေဒီယို စသည်တို့မှတစ်ဆင့် အလွယ်တကူမြင်နိုင်၊ ကြားနိုင်၊ ခံစားနိုင်၊ သိရှိနိုင်ပေသည်။

အထူးသဖြင့် အချိန်မရွေး၊ နေရာမရွေး မိမိသိလိုသော အကြောင်းအရာ၊ တွေ့မြင်လိုသော အချက်အလက်တို့ကို သုတအတွေ့အကြုံ စာပေဖတ်ရှုခြင်း စာအုပ်စာပေမှတစ်ဆင့် လွယ်ကူစွာ ရရှိနိုင်ပါသည်။

**- စာပေ -**

လူ့သမိုင်းတွင် ဘာသာစကားပေါ်ပေါက်လာသောအခါ လူသားအချင်းချင်း ဆက်သွယ်မှုလွယ်ကူကာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ အက္ခရာစာပေပေါ်ထွန်းလာသောအခါ လူသားတို့၏ ယဉ်ကျေးမှုအဆင့်နှင့် အသိပညာဉာဏ်ရည်အဆင့်သည် ရှေးကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြန်ပါသည်။ စာအုပ်စာပေကျေးဇူးကြောင့် ရှေ့လူများဖော်ထုတ်သိရှိထားသော သုတအတွေ့အကြုံများကို နောက်လူတို့ လွယ်ကူစွာ သိမြင်ရရှိနိုင်ကြပါသည်။ ဤနည်းအားဖြင့် လူသားတို့သည် ၂၀ ရာစုကာလတွင် အံ့မခန်းသော ဆန်းသစ်တီထွင်မှုများကို ရရှိဆောင်ရွက်နိုင်ခဲ့ကြပါသည်။ မှော်ဆရာပမာ ထူးခြားဆန်းကြယ်သော သိပ္ပံနှင့် စက်မှုပညာရပ်များကို တီထွင်အသုံးပြုနိုင်ခဲ့ကြပါသည်။ ဆက်လက်ဖန်တီးကြဦးမည် ဖြစ်ပါသည်။

သိပ္ပံနှင့် နည်းပညာထွန်းကားသော ၂၁ ရာစုသည် ပညာခေတ်၊ သတင်းခေတ်၊ နည်းပညာခေတ်ဟု ခေါ်ဆိုရလောက်အောင် အသိပညာနှင့် ဗဟုသုတက အရေးပါအရာရောက်လာပါသည်။ စာအုပ်စာပေသည် အဓိကကျနေဆဲပင်။

ကိုယ်တွေ့အတွေ့အကြုံ **"မုတ"**ကို အခြေခံ၍ သိရသော အသိပညာမျှဖြင့် ဘယ်နည်းနှင့်မျှမလုံလောက်တော့ပါ။ စာပေဗဟုသုတမှ ရရှိနိုင်မည့် **"သုတ"**ကို လေ့လာဆည်းပူးပါမှသာ ကျယ်ပြန့်သော ခေတ်မီသော အသိပညာများကို သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးလူမျိုးများနည်းတူ အရည်အချင်း၊ အရည်အသွေး ပြည့်ဝနိုင်ကြပါလိမ့်မည်။ ထို့ကြောင့် ကလေးသူငယ်ဘဝမှစ၍ လူငယ်/လူကြီးအားလုံးတို့သည် စာအုပ်စာပေနှင့် ထိတွေ့ရင်းနှီးကြစေဖို့ လိုပါသည်။

**- စာအုပ် -**

စာရေးဆရာ ငွေဥဒေါင်းကတော့ "ကျွန်တော့်ဘဝတစ်ခုလုံးမှာ စာအုပ်ဟာ ကျွန်တော့်အသည်းနှလုံးပါပဲ"ဟု "စာဖတ်သမားတစ်ယောက်၏ ဘဝခရီး"ဟူသော စာတမ်းတွင် ရေးသားဖော်ပြခဲ့ပါသည်။ အတန်းပညာမရှိ၊ မည်သည့်တက္ကသိုလ်ကိုမှလည်း မတက်ဖူးဘဲ ကျေးလက်တောရွာမှ ဆင်းရဲသားမိဘနှစ်ပါးက မွေးဖွားခဲ့သော မောင်ကြီးမောင်မှ ကလောင်အမည် ငွေဥဒေါင်းအဖြစ် ပြည်သူကလေးစားရသော စာရေးဆရာကြီးတစ်ဦး ဖြစ်လာအောင် စာအုပ်စာပေများကိုသာ အဖော်ပြုခဲ့ရပါသည်။ ဒဂုန်ခင်ခင်လေး၊ ပီမိုးနင်းနှင့် အမျိုးသားပညာဝန် ဦးဖိုးကျားတို့၏ စာပေများက သူ့ကို ကျေးဇူးကြီးမားစွာ အထောက်အကူပေးခဲ့ကြကြောင်း ရေးသားထားပါသည်။

ဆရာငွေဥဒေါင်းကို မိတ်ဆွေတစ်ယောက်ကမေးပါသည်-

"စာဖတ်ဝါသနာပါအောင် ဘယ်လိုလုပ်ခဲ့သလဲ"

"စာမဖတ်ချင်တဲ့သူတစ်ယောက်ကို စာဖတ်ချင်လာအောင်၊ စာဖတ်ဝါသနာပါလာအောင်၊ ဘယ်လိုမှလုပ်လို့မရဘူး။ စာဖတ်ဝါသနာရှိတဲ့သူကိုလည်း စာမဖတ်အောင် ဘယ်လိုမှ တားထားလို့မရဘူး"ဟု ဆရာငွေဥဒေါင်းက ရုတ်ခြည်း ပြန်၍ဖြေလိုက်သည်ဟု ဆိုပါသည်။

မှန်သည်ဟု ကျွန်တော်ထောက်ခံချင်ပါသည်။

မန္တလေးတက္ကသိုလ်၌ လေးနှစ်ပညာဆည်းပူးခဲ့ရစဉ်ကာလအတွင်း ထိုစဉ်က ရာဇတ်ခန်းမတွင်ရှိသော မန္တလေးတက္ကသိုလ်စာကြည့်တိုက်သို့ တစ်ခေါက်မှ မရောက်ဖူးသော သူငယ်ချင်းများ၊ စာအုပ် တစ်အုပ်တလေမှ ငှားမဖတ်ဖူးသော မိတ်ဆွေများကို မိမိတွေ့ခဲ့ဖူးပေသည်။ တက္ကသိုလ်ကျောင်းသားတွေထဲမှာ စာဖတ်ရန် အတော်ဒုံးဝေးသော လူစားတွေတွေ့ဖူး၏။ တပ်မတော်မှာ နှစ်ပေါင်း (၃၀) နီးပါး စစ်မှုထမ်းခဲ့၏။ ရဲဘော်များ၊ ဆရာများမဆိုထားပါဘိ၊ တပ်မတော်အရာရှိ မိတ်ဆွေများထဲမှာပင် စာအုပ်နှင့် အတော်ရေစက်ဝေးသည့် ပုဂ္ဂိုလ်တွေကို တွေ့ရဖူးပေသည်။ ဝန်ထမ်းအဖြစ် (၁၀) နှစ်ကျော် ဝန်ကြီးဌာနတစ်ခုတွင် လုပ်ခဲ့ဖူးပါ၏။ ညွှန်ကြားရေးမှူး စသည့် အထက်တန်းအရာရှိများထဲတွင်ပင် စာအုပ်စာပေ လုံးဝမဖတ်ရှုချင်သော ပုဂ္ဂိုလ်မျိုးတွေကို များစွာတွေ့ခဲ့ရဖူးပေသည်။ မိမိ ဘာမှမတတ်နိုင်။

**- စာဖတ်ကျင့် -**

စာဖတ်ဝါသနာပါဖို့ရာမှာ ကလေးဘဝကပင် ထိုသူအား ကာတွန်း၊ ရုပ်ပြ၊ ပုံပြင်၊ ဒဏ္ဍာရီများကို ထိတွေ့ယဉ်ပါးဖို့လိုပါသည်။ ဤကဲ့သို့ အချိန်ယူပြီး ပျိုးထောင်လေ့ကျင့်ပေးပါမှ စာဖတ်သောဝါသနာအထုံကို ရရှိနိုင်ကြပါသည်။ စာဖတ်ရန် ပျင်းသူများ၊ စာအုပ်ကိုလှန်ကြည့်လိုက်ဖို့တောင် စိတ်မပါသူများကို အပြစ်မဆိုသင့်ပါ။

စာဖတ်ကျင့်ကို ကိုယ်တိုင်နှစ်သက်လက်ခံလာအောင် ပျိုးထောင်လေ့ကျင့်ယူရပါသည်။ အချိန်ယူရသည်။

စုံထောက်ဝတ္ထုများ၊ လျှို့ဝှက်သည်းဖိုနှင့် စွန့်စားခန်းဝတ္ထုများ၊ အချစ်ဝတ္ထုများသည် လူငယ်လူရွယ်များကို စာဖတ်ကျင့်ရအောင်၊ စာဖတ်ချင်စိတ်ကို ဆွဲဆောင်ပေးသော စာအုပ်များဖြစ်သဖြင့် အပျော်ဖတ်စာပေ၊ အပေါစားစာပေဟု မပုတ်ခတ် မရှုတ်ချသင့်ပေ။ မိမိတို့လည်း အချစ်စာပေ၊ ဟာသစာပေ၊ အပျော်ဖတ်ဝတ္ထုတွေကို အဖော်လုပ်ပြီး စာဖတ်ကျင့်ရခဲ့ကြပါသည်။

**- စာအမျိုးမျိုး -**

မြန်မာစာပါမောက္ခဆရာကြီး တက္ကသိုလ်**ဝင်းမွန်**ကမူ သူ၏ "ကျွန်တော်ဖတ်ခဲ့သော ဝတ္ထုများနှင့် ကျွန်တော့်အမြင်" စာတမ်းတွင် သူဖတ်ခဲ့သမျှ စာအုပ်များကို အောက်ပါအတိုင်း အုပ်စုခွဲခြားပြီး သုံးသပ်ရေးသားပါသည်။

၁။ စုံထောက်နှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများ
၂။ စုန်းကဝေ ဝတ္ထုများ
၃။ စွန့်စားခန်း ဝတ္ထုများ
၄။ ရာဇဝင် ဝတ္ထုများ
၅။ အချစ်နှင့်ပြုပြင်ရေးဝတ္ထုများ
၆။ ဟာသဝတ္ထုများနှင့်
၇။ နိုင်ငံရေးနောက်ခံဝတ္ထုများဟူ၍ ဖြစ်၏။

စာဖတ်ဝါသနာပါသူတစ်ယောက်အတွက် ကာတွန်း၊ ရုပ်ပြ၊ ပုံပြင်နှင့် ဇာတ်နိပါတ်များက အဦးဆုံး ဆွဲဆောင်ကြလိမ့်မည်ဟု ထင်ပါသည်။ ထို့နောက် ဝတ္ထုတွေဖတ်လာကြမည်။ ထို့နောက် အတ္ထုပ္ပတ္တိ စာပေ၊ ဘာသာရေးစာပေ၊ သိပ္ပံနှင့်နည်းပညာစာပေ၊ ပညာရပ်ဆိုင်ရာ အထူးပြုစာပေ၊ ဘာသာစကား၊ ဘာသာဗေဒစာပေနှင့် စာနယ်ဇင်းမျိုးစုံတို့သည် ရတနာသိုက်သဖွယ် တွေ့ရှိလာကြမည်ဖြစ်ပါသည်။

**- စာပေ့တန်ခိုး -**

ငယ်စဉ်က ဓားပြဗိုလ်လုပ်ကာ ဆိုးခိုးလုယက်လာခဲ့ပြီး ထောင်သုံးကြိမ်ကျခံရဖူးသည့် ပခုက္ကူဦးအုံးဖေဆိုသော စာရေးဆရာကြီးက သူထောင်ထဲမှာဖတ်ခဲ့ရသည့် **ဦးမောင်မြတ်**ရေးသားသော စာအုပ်တစ်အုပ်က သူ့ဘဝကို ပြောင်းလဲစေပါသည်ဟု ပြောလည်းပြော၊ ရေးလည်းရေးဖူးပါသည်။ (ထိုစာအုပ်ကို ပခုက္ကူဦးအုံးဖေက ပြန်လည်ထုတ်ဝေရာ မိမိအမှာစာရေးပေးခဲ့ရပါသည်)

**- စာပေ့ကျေးဇူး -**

ဆယ်တန်းစာမေးပွဲကို မဖြေရဲဘဲ ခြောက်နှစ်တာမျှ စိတ်အားငယ်စိတ်ဓာတ်ကျနေသော မောင်တင်လှိုင်အမည်ရှိ လူငယ်လေးတစ်ဦးသည် သူငယ်ချင်းက ဖတ်ဖြစ်အောင်ဖတ်နော်ဟု လက်ဆောင်ပေးသည့် ပီမိုးနင်း၏ **'အောင်စိတ်' 'ကိုယ်ထူးကိုယ်ချွန်' 'အရင်းမစိုက်လှေထိုးလိုက်'** စသော စာအုပ်များကို ဖတ်ပြီးနောက် စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ မိမိကိုယ်ကို ယုံကြည်စိတ်ပြည့်ဝသွားခဲ့ပါသည်။ ထိုလူငယ်သည် ယခုအခါ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌအဖြစ် စေတနာ့ဝန်ထမ်း(အခမဲ့) တာဝန်ထမ်းဆောင်နေသည့် စာရေးဆရာကြီး လယ်တွင်းသားစောချစ်ပင် ဖြစ်ပါသည်။

စာဖတ်ဝါသနာသည် ရရှိလာပြီဆိုလျှင် စွဲပါသည်။ ဆရာကြီးဇေယျ ပြောပုံကို ဖော်ပြရလျှင် "တစ်ပုဒ်ပြီးလျှင် တစ်ပုဒ် ဘယ်လိုလာဦးမည်လဲဟု သိလိုဇောပြင်းထန်လှသောကြောင့် မရပ်မနားဖတ်သွား၏။ ဖတ်တုန်းမှာလည်း အရသာရှိလှ၏။ တစ်ပုဒ်ထက်တစ်ပုဒ်အမြင်ကျယ်သွား၏။ ရှေးက မတွေးမိ၊ မကြံမိ၊ သဘောမပေါက်မိခဲ့သော အနက်အဓိပ္ပာယ်များသည် ဘွားခနဲ၊ ဘွားခနဲ ပေါ်လာ၏။ ရှေးက အရသာမရှိ၊ အဆင်းမလှဟု ထင်ခဲ့ရသော ထိုကျမ်းများသည် ယခုအခါ မျက်စိထဲ၌ လှပ၍နေ၏။ ယခင်က ပျင်းရိဖွယ်ရာ ခြောက်ကပ်နေသော လွင်တီးခေါင်ကြီးသည် ယခုအခါ ပန်းပေါင်းစုံပွင့်သော ဥယျာဉ်ကြီးကဲ့သို့ ဖြစ်လာနေပါပြီ"ဟု ဆိုသည်။ **(ဇေယျ၏ ဖတ်ချင်တဲ့စာဖတ်ဟူသောဆောင်းပါးမှ)**

ကြည်နူးနှစ်သက်မှုအတွက် စာဖတ်ခြင်းသည် အထူးအရသာရှိသော ဝါသနာတစ်ရပ်ဖြစ်ပါသည်။ "စာပေ၌ ရသနှစ်သက်ခြင်းကို ဖြစ်လာတတ်ပါသည်။ ခံစားတတ်လာပါသည်။ လူ့သဘာဝ၊ လူ့စရိုက်၊ လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်ကို ဆင်ခြင်တတ်လာသည်။ လူ့လောက၏ အယုတ်အမြတ်တရားများကို သိမြင်လာသည်။ ထိုသို့ နှစ်သက်ခံစားလာသည်နှင့်အမျှ၊ သိမြင်လာသည်နှင့်အမျှ စာအကြိုက်ပြောင်းလာသည်။ စာရေးဆရာအကြိုက်ရွေးလာသည်"ဟု ဆရာများက ဆိုကြပါသည်။

မှန်ပေသည်။ စာဖတ်သူအမျိုးမျိုးရှိနိုင်ပါသည်။

**- စာကြည့်တိုက်များ -**

ကျေးရွာတွေမှာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကိုယ်ထူကိုယ်ထကြိုးစား၍ ထူထောင်အောင်မြင်လာကြသဖြင့် ကျေးလက်နေပြည်သူအများ စာအုပ်စာပေနှင့် ထိတွေ့ခွင့်ရကြသည်။ စာဖတ်ကျင့် ပျိုးထောင်ခွင့်ရလာကြသည်။ အထူးသဖြင့် ဆယ်ကျော်သက်လူငယ်လူရွယ်များအတွက် ကြီးမားစွာ တန်ဖိုးရှိလှသည်။

လွန်ခဲ့သော ခြောက်နှစ်ကျော်က မိတ္ထီလာမြို့နယ် မန်ကျည်းစောက်ရွာသို့ ရောက်ဖူးသည်။ စာဖတ်ခြင်းမှရသည့် အကျိုးအမြတ်အကြောင်း ပြောပြစမ်းပါဟု မေးမြန်းကြည့်ရာ အသက်(၁၆)နှစ်အရွယ် ကလေးမတစ်ဦးက ပရိသတ်ထဲမှ ထရပ်သည်။ မဝံ့မရဲဖြင့် စတင်ပြောသည်။

"ကျွန်မက တစ်ဦးတည်းသော သမီးပါ။ အဖေနဲ့ အမေကလည်း ကျွန်မကို သိပ်ချစ်ကြတော့ အလွန်အလိုလိုက်ပါတယ်။ အလိုလိုက်လွန်းတော့ ကျွန်မကလည်း ဆိုးပါတယ်။ အဖေကို ပြန်အော်လို့အော်၊ အမေကို စိတ်ကောက်ပြီး ဆူပူမာန်မဲ။ ကျွန်မက ဗိုလ်ကျတာပေါ့နော်။ အိပ်ရာကနိုးလည်း မထဘူး။ နေမြင့်အောင် အိပ်ချင်အိပ်နေတာပဲ။ အမေက ယာကိုလိုက်ဖို့ခေါ်ပေမယ့် ပျင်းရင်မလိုက်ဘူး။ ကျွန်မကြိုက်သလို ကိုယ့်စိတ်ကြိုက်နေတာ။ ရွာမှာဆွေမျိုးတွေလည်း ကျွန်မဆိုးခဲ့ပုံတွေ သိကြမှာပါ"

**- အလိမ္မာစာမှာရှိ -**

ရွာပရိသတ်က ငြိမ်သက်ပြီး သူ့ကိုကြည့်ရင်း နားထောင်နေကြ၏။ ဆိတ်ဆိတ်နေ၍ ဝန်ခံလေသလောမသိ။

"ရွာမှာ စာကြည့်တိုက်လေးဖွင့်ထားပြီဆိုတော့ အားတဲ့အခါစာအုပ်တွေသွားပြီးကြည့်ပါတယ်။ စာအုပ်တွေ ဖတ်ရင်းဖတ်ရင်းနဲ့ ပိုပြီးဖတ်ချင်လာပါတယ်။ အတန်းပညာလေးတန်းပဲအောင်ပါတယ်။ စာဖတ်ရတာကောင်းမှန်းသိလာပါတယ်။ ကျွန်မမှားတာ။ ကျွန်မရိုင်းတာ။ ကျွန်မအသိပညာနည်းခဲ့တာကိုလည်း နားလည်သိမြင်လာပါတယ်" ခဏရပ်နားသည်။ အားတင်းပြီး ဆက်ပြောရာ "စာအုပ်တွေဖတ်ရင်းဖတ်ရင်းနဲ့(သူမ မျက်ရည်တွေ ဝိုင်းလာပါသည်)ကျွန်မဟာ မိဘအပေါ်ဆိုးခဲ့သမျှ ဝန်ချပြီး မိဘစကားမြေဝယ်မကျနားထောင်တဲ့သမီး အခုဖြစ်နေပါပြီ။ မိဘရဲ့ကျေးဇူးတရားတွေကို စာဖတ်မှပဲ ကျွန်မနားလည်ခဲ့ရပါတယ်" ဟု ပြောပြီး ထိုင်လိုက်၏။

မျက်ရည်လေးဝဲလျက် ခံစားချက်အပြည့်ဖြင့် လှိုက်လှိုက်လှဲလှဲ ပြောသွားသောအခါ အားလုံးက ဩဘာလက်ခုပ်တီး၍ ချီးကျူးလိုက်ကြပါသည်။ ရွာသူရွာသားများ အံ့ဩငေးမောပြီး ငြိမ်သက်စွာ နားထောင်နေခဲ့ကြသည်။ ဝမ်းနည်းဝမ်းသာခံစားချက်ဖြင့် ကြားရသူအားလုံးဆီသို့ နှလုံးသားအထိ ပီတိလှိုင်းက ရိုက်ခတ်သွားပါသည်။

အလားတူ မိတ္ထီလာမြို့နယ် ရေချိုစံပြကျေးရွာသို့ ရောက်စဉ်ကလည်း စာကြည့်တိုက်၏ ကျေးဇူးကို ခံစားတင်ပြချင်သူများရှိလျှင် မိုက်ကရိုဖုန်းကိုင်ပြီး ပြောနိုင်ပါသည်ဟု ဖိတ်ခေါ်လိုက်သောအခါ အသက် (၁၈)နှစ်၊ (၁၉)နှစ်အရွယ် အသားညိုညို၊ မပိန်မဝ၊ မျက်နှာက အညာသူပီသသည့် မိန်းကလေးတစ်ဦး မတ်တတ်ရပ်ပြီး စကားပြောပါသည်။ သူ့ကို မိုက်ကရိုဖုန်းပေးလိုက်သည်။ မျက်လုံးမျက်ခုံးကောင်းသည်။ ယုံကြည်မှုအပြည့်ဖြင့် တည်တည်ငြိမ်ငြိမ် ရဲရဲတင်းတင်း ပြောသည်။ အသံကြည်ရှင်း ပီသသည်။

**- စာပေထဲမှရသည့်ဘဝသတ္တိ -**

"ကျွန်မဟာ (သူ့အမည်ကိုပြောသည်)၊ တစ်ကောင်ကြွက်၊ တစ်မျက်နှာနဲ့ လူ့ဘဝကို ရောက်လာခဲ့သူပါ"

ဘုရားပရိဝုဏ်အတွင်းရှိ တန်ဆောင်းထဲတွင် ရပ်သူရွာသား ၁၅၀ ခန့်ရှိကြမည်။ သူ့ကို စူးစိုက်ပြီးကြည့်နေကြသည်။ မထင်မှတ်ဘဲ ဝင်ပြောလာသူဖြစ်သည်။ သူဘာများပြောမှာပါလိမ့်ဟု စိတ်စောစွာ နားစွင့်နေကြသည်။ အားလုံးက ငြိမ်သက်စူးစိုက်ကြသည်။

"ကျွန်မငယ်ငယ်ကတည်းက အဖေဆုံးတယ်။ ကျွန်မကလေးသာသာအရွယ်မှာပဲ အမေလည်းဆုံးတယ်။ အစ်ကို၊ အစ်မလည်းမရှိဘူး။ မောင်၊ ညီမလည်း မရှိဘူး။ အိမ်နီးနားချင်းတွေ စောင့်ရှောက်လို့၊ ဆွေမျိုးတွေကြည့်ရှုလို့သာ ကျွန်မ ဒီအခြေအနေရောက်လာခဲ့တာပါ။

"ကျွန်မ စာကို ရေးတတ်ဖတ်တတ်ရုံပါပဲ။ အတန်းပညာမူလတန်းလောက်သာ နေခဲ့ရပါတယ်။ မွေးချင်းသားချင်းမရှိ၊ တစ်ကောင်ကြွက်ဆိုပေမယ့် ကျွန်မဟာ အသက် (၁၁)နှစ်ကစပြီး ရွာထဲမှာ ဈေးရောင်းခဲ့ပါတယ်။ ဈေးတောင်းကို ခေါင်းရွက်ပြီး ကျွန်မအလုပ်လုပ်ခဲ့တာ ဒီရွာက လူကြီးတွေ အားလုံးသိပါတယ်။ ကျွန်မရဲ့ စာရိတ္တကို အားလုံးက လေးစားကြပြီးသားပါ။ ကျွန်မပြောချင်တာက ရွာမှာစာကြည့်တိုက်ထူထောင်လာဖြစ်တယ်ဆိုတော့ ကျွန်မ စာအုပ်တွေ ငှားငှားဖတ်ပါတယ်။ အစတော့ ရုပ်ပြပေါ့။ နောက်တော့ ဂျာနယ်၊ မဂ္ဂဇင်း၊ နောက်တော့ ဝတ္ထုတွေနဲ့ တက်ကျမ်းတွေ ဖတ်ဖြစ်လာတယ်။ အချိန်နှစ်နှစ်လောက်အတွင်းမှာ ကျွန်မဟာ အရင်နဲ့မတူတော့တဲ့ အားမာန်တွေရလာခဲ့ပါတယ်ရှင်။

"ကျွန်မရဲ့အိမ်မှာ အမေမရှိ၊ အဖေမရှိ၊ အဖော်မရှိ၊ ညညဆိုရင် အားငယ်လို့ ငိုယိုခဲ့မိတာ အကြိမ်ကြိမ်ပါပဲ။ တွေးလိုက်တိုင်း ဝမ်းနည်းအားငယ်မိလို့ မျက်ရည်ကျတာလည်း အခါခါပါပဲ။ စာအုပ်တွေ ဖတ်လာမိတဲ့အခါ ဘဝဆိုတာ တစ်ယောက်ချင်းပဲ မွေးဖွားလာပြီး တစ်ယောက်တစ်ဘဝ ရုန်းကန်ကြရတာပါလားဆိုတာ နားလည်လာတယ်။ ဘယ်သူ့ကိုမှ အားကိုးမှီခိုစရာ မရှိဘူးဆိုတာကိုလည်း စာတွေ့၊ ကိုယ်တွေ့ သိရတယ်"

**- ဘဝအသိအလင်းရောင် -**

"ဒါ့ကြောင့် ကိုယ့်အားကိုယ်ကိုးပါဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့ ကိုယ့်ဘဝကို တိုးတက်အောင်၊ ကိုယ့်စိတ်ကို ဖြူစင်မွန်မြတ်အောင် အမြဲကြိုးစားနေထိုင်တယ်။ တစ်နေကုန် ဈေးလည်ရောင်းပေမယ့် တစ်ရွာလုံးက ကျွန်မအကြောင်း သိကြပါတယ်။ အများက ကျွန်မကို ကိုယ်ကျင့်တရား စာရိတ္တနဲ့ ပတ်သက်ရင် လေးစားကြပါတယ်။ ဓမ္မစကြာဝတ်အသင်းမှာလည်း ကျွန်မ အတွင်းရေးမှူးတာဝန် ယူထားပါတယ်။ ကျွန်မကို သတ္တိရှိအောင်၊ စိတ်ဓာတ်ဖြူစင်အောင် စာကြည့်တိုက်မှ စာအုပ်တွေက သွန်သင်လမ်းပြခဲ့ပါတယ်။ စာပေရဲ့ ကျေးဇူးဂုဏ်ဟာ ပြောလို့မကုန်ပါဘူးရှင်။ စာအုပ်စာပေထဲက ခွန်အားတွေရခဲ့လို့ ကျွန်မဟာ စိတ်ကြည်လင်တယ်။ အားမာန်ဇွဲနဲ့ ခံနိုင်ရည်ရှိတယ်။ စာဖတ်သူဟာ စာမဖတ်သူထက် စိတ်ထားစိတ်နေအများကြီး တိုးတက်ပြောင်းလဲစေတယ်ဆိုတာ ကျွန်မတွေ့ရပါတယ်။ ရွာစာကြည့်တိုက်လေး ရေရှည်တည်တံ့အောင် ကူညီသွားကြစေချင်ပါတယ်ရှင်။ စကားပြောခွင့်ရတာကို ကျေးဇူးတင်ပါတယ်ရှင်"

ရေချိုရွာမှ စာကြည့်တိုက်စာဖတ်ပရိသတ်တစ်ဦး၏ ရင်တွင်းခံစားချက်က ထိမိလှပါသည်။ ဓမ္မာရုံ တန်ဆောင်းအတွင်းရှိ ရွာသူရွာသားများ၏ ရင်ထဲသို့ နွေးထွေးစွာ ရိုက်ခတ်လှုပ်ရှားစေပါသည်။ လက်ခုပ်တီး၍ ဩဘာပေးကြသည်။

ဟုတ်ပေသားပဲ။ ဒီကလေးမလေး မျက်စိအောက်မှာပင် ဆံရစ်ဝိုင်းမှ အုပ်လုံးသိမ်းဆံပင်ဖြစ်သွားသည်။ ယနေ့တော့ လူကြားသူကြားထဲမှာပင် ရဲရဲဝံ့ဝံ့နှင့် စကားကိုရှေ့နောက်တည့်အောင် ပြောတတ်နေပြီကော။ စာဖတ်တော့ ယဉ်ကျေးလိုက်တာ။ ဝမ်းသာပီတိဖြင့် ဝိုင်းကြည့်နေကြသည့် ရပ်သူရွာသား လူကြီးများကို တွေ့ရသည်။ မျက်နှာတွေက ပြုံးနေကြပါသည်။ ကျေနပ် ကြည်နူးဖွယ်။

**- ပန်းပေါင်းစုံ -**

ကလေးလည်း ကလေးအရွယ်အလျောက်၊ လူငယ်လည်း လူငယ်အလျောက်၊ လူကြီးလည်း လူကြီးအရွယ်အတွက် စာအုပ်မျိုးစုံ၊ စာနယ်ဇင်းမျိုးစုံကို ကျေးရွာစာကြည့်တိုက်တွေမှာ ကိုယ့်အားကိုယ်ကိုး စုဆောင်းဖြည့်ဆည်းထားကြပြီ။ ဖတ်စရာရှိတော့ ဖတ်ဖြစ်လာကြပြီ။ ပန်းပေါင်းစုံသော ဥယျာဉ်ကြီးသဖွယ်ပင် မွှေးလည်းမွှေး၊ လှလည်းလှ၊ ကြည်နူးစရာကောင်းလှပါတော့သည်။ စာကြည့်တိုက်တွေ ရှင်သန်တိုးပွားအောင် အားပေးကြပါလေ။ ။

# လျှပ်စစ်မော်တော်ယာဉ် စမ်းသပ်ထုတ်လုပ်မှု အောင်မြင်

**ရန်ကုန်　စက်တင်ဘာ　၁၁**

ပြည်တွင်းမှ ပညာရှင်များ၊ မိမိတို့စက်ရုံမှ ပညာရှင်များ ပူးပေါင်း၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ လျှပ်စစ်ယာဉ်အမျိုးမျိုးထုတ်လုပ်နိုင်ရေး စမ်းသပ်ခဲ့ရာ ယခုအခါ ဘက်ထရီအားသုံး လျှပ်စစ်မော်တော်ယာဉ် (ELECTRIC VEHICLE) **(အောက်ပုံ)**ကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မန္တလေးစက်မှုဇုန်ရှိ ယူဒီဂရု(ပ်)ကားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးခင်မောင်ဝင်းက ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားသည်။

လျှပ်စစ်မော်တော်ယာဉ်တွင် ပြည်တွင်းမှ ထုတ်လုပ်သော ပစ္စည်းအစိတ်အပိုင်း ၆၅ ရာခိုင်နှုန်းနှင့် ပြည်ပမှ ပစ္စည်းအစိတ်အပိုင်း ၃၅ ရာခိုင်နှုန်းကို ထည့်သွင်းအသုံးပြုထားပြီး ၁၂ ဗို့အား ဘက်ထရီအိုး ၁၂ လုံးတပ်ဆင်ထားသည်။ လျှပ်စစ်ဓာတ်အား တစ်ခါအားသွင်းလျှင် ရှစ်နာရီခန့် သွင်းရပြီး အားပြည့်နေလျှင် ၆၂ မိုင် (ကီလိုမီတာ ၁၀၀ ခန့်) မောင်းနှင်နိုင်သည်။ ယခုအခါ(0.75) Ton ရှစ်ယောက်စီး ဝက်ဂွန်ကားနှင့် 1-Ton ထရပ်ကားယာဉ်များကို စမ်းသပ်ထုတ်လုပ်ထားသည်။ မိုင်ပေါင်းများစွာကို အောင်မြင်စွာ စမ်းသပ်မောင်းနှင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မော်တော်ယာဉ်၏ ခန့်မှန်းထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ငွေကျပ် သိန်း ၈၀ ခန့်ရှိသည်။ သက်ဆိုင်ရာဌာနအသီးသီး၏ ခွင့်ပြုချက်နှင့် အတည်ပြုချက်များရရှိပါက ပြည်သူများအား စတင်ရောင်းချပေးမည်ဖြစ်သည်။ **(ကိုကြီးသာ)**

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော်　စက်တင်ဘာ　၁၁**

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၂၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၆ စင်တီမီတာ(၁ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# ပြည်သူ့ထံမှ ပေးစာများ

## စပါးခွံလောင်စာအန္တရာယ်စိုးရိမ်

**စာတည်းခင်ဗျား-**

သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ တမံကြီးရပ်ကွက် ညောင်ဝိုင်းဘုန်းတော်ကြီးကျောင်းလမ်းတွင် ပုဂ္ဂလိက စပါးကြိတ်ခွဲသော စက်ရုံတစ်ရုံမှ နေ့စဉ်နှင့်အမျှ ထွက်လာသော အမှုန်အမွှားများနှင့် အချိန်အခါမရှိ စပါးကြိတ်ခွဲလည်ပတ် ဆူညံနေပါသည်။ ပတ်ဝန်းကျင်နေထိုင်သူများမှာ စပါးခွံလောင်စာမှုန့်များဖြင့် ကျန်းမာရေးထိခိုက်စေပြီး မီးဘေးအန္တရာယ် စိုးရိမ်ရသည့်အပြင် ကုန်တင်/ကုန်ချလာသောယာဉ်များကြောင့် လမ်းပျက်စီးရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ/သားများ**

## ညှော်နံ့ဆိုးများ မခံနိုင်၍ ရှင်းလင်းပေးစေလို

**စာတည်းခင်ဗျား-**

ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်(၄၉)လမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်သည် နံနက် ၃ နာရီမှ စပြီး တစ်နေ့လုံး ညှော်နံ့မျိုးစုံဖြင့် စီးပွားရှာလုပ်ကိုင်နေပါသဖြင့် ပတ်ဝန်းကျင်အနီးရှိ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ၊ တိုက်ခန်းနေသက်ကြီးရွယ်အိုလူမမာ များ နေ့စဉ် ညှော်နံ့ဆိုးများကို ရှူရှိုက်နေရသောကြောင့် သက်ဆိုင်ရာမှ ဖြေရှင်း ပေးပါရန် တင်ပြအပ်ပါသည်။

**ပတ်ဝန်းကျင်မှ ဒုက္ခခံနေရသူများ**

## ငါးအပုပ်နံ့ ဆိုးရွားလွန်း၍ ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

မိမိတို့စက်ဆန်းရပ်ကွက်ကို ဖြတ်သန်း၍ အထက်ပုဇွန်တောင်လမ်းမကြီးတစ်လျှောက် နေ့စဉ် ငါးအပုပ်များ တင်ဆောင်သည့် ပစ်ကပ်ကားများသည် ညနေပိုင်းမှ ညဘက်အထိ တင်ဆောင်ဖြတ်သန်းနေရာ အနံ့အသက်များ လွန်စွာဆိုးရွားလွန်းပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**စက်ဆန်းရပ်ကွက်နေသူများ**

## ကျောင်းရှေ့မှ အမှိုက်ပုံကြီး ရှင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် ဗိုလ်မြတ်ထွန်းအထက်လမ်းရှိ အထက(၃)ဗိုလ်တထောင်ကျောင်းနှင့် တိုက်(၂၆၇)ရှေ့တွင် အမှိုက်ပုံကြီးရှိရာ လမ်းသွားလမ်းလာများသည် အဆိုပါ အမှိုက်ပုံကြီးကို ရှောင်၍ သွားလာနေရသည့်အပြင် ကြွက်၊ ခြင်၊ ယင်များနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးရှူရှိုက်နေရသူများ**

# ပွင့်လင်းရာသီကို စောင့်မျှော်နေသော ပုသိမ်မြို့၏ သင်္ကေတ ဟာလဝါလုပ်ငန်း

**မန္တလေးမှာ ထိုးမုန့်၊ ထားဝယ်မှာ မုန့်ကုလားမဲ၊ ပုသိမ်မှာ ဟာလဝါ စသည်ဖြင့် မြန်မာနိုင်ငံတွင် တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း သူ့မြို့နှင့် သူ့သင်္ကေတ ယှဉ်တွဲနေသည့် မုန့်မျိုးစုံတို့ ရှိကြ၏။**

သတင်းမြင်ကွင်း-မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-သာညဏ်(သတင်းစဉ်)

ဟာလဝါလုပ်ငန်းသည် စက်မှုနှင့် လက်မှု ပေါင်းစပ်ထားသော အိမ်တွင်းစီးပွားရေးလုပ်ငန်းငယ်ဖြစ်သကဲ့သို့ တိုင်းဧရာပုသိမ်မြို့၏ လက်ဆောင်မွန်မုန့်အချိုတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုးလည်း ဖြစ်ပေသည်။

ပုသိမ်မြို့ပေါ်တွင် ဟာလဝါအရောင်းဆိုင် ၁၀ ဆိုင်ခန့်ရှိပြီး ထုတ်လုပ်မှုအဆင့်ဆင့်ကို ပြည်ပခရီးသွားများပင် လာရောက်လေ့လာကြပြီး ဝယ်ယူစားသုံးလေ့ရှိကြ၏။

ဟာလဝါမုန့်အချိုထုတ်လုပ်ရာတွင် ကောက်ညှင်း၊ ပေါ်ဆန်းဆန်၊ သကြား၊ အုန်းသီး၊ ရှမ်းနှမ်း၊ မြေပဲဆီသန့်နှင့် ထောပတ်ဆီ အပါအဝင် ကုန်ကြမ်းခုနစ်မျိုး လိုအပ်သည်။

ထုတ်လုပ်ပုံအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းသုံးမျိုးဖြစ်သည့် အုန်းနို့၊ သကြားရည်နှင့် မုန့်နှစ်တို့ကို စီစဉ်ထားပြီး ဒယ်အိုးဆေး၊ မီးမွှေးခြင်း၊ သကြားသန့်စင်ခြင်း၊ အုန်းနို့ထည့်ခြင်း၊ မုန့်နှစ်ထည့်ခြင်း၊ မြေပဲဆီထည့်ခြင်း၊ ထောပတ်ဆီနှင့် ရှမ်းနှမ်းထည့်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ရသည်။

ရွှေမြင်းပျံဟာလဝါ လုပ်ငန်းမှ လုပ်ငန်းရှင် ဦးကျော်အေးက မိဘလက်ငုတ်လုပ်ငန်းအဖြစ် ၁၉၇၀-၁၉၇၁ ခုနှစ်ကတည်းက လုပ်ငန်းစတင်ခဲ့ကြောင်း၊ ၁၉၉၀ ခုနှစ်တွင် လုပ်ငန်းဖွံ့ဖြိုးမှုအားကောင်းလာကြောင်း၊ လက်ရှိဝန်ထမ်းအင်အား ၆၀ ရှိကြောင်း၊ မိုးရာသီ၌ ဝန်ထမ်းအင်အား ၃၀၊ ၄၀ ဖြင့် လောက်ငမှုရှိသော်လည်း ဝန်ထမ်းများ၏ စားဝတ်နေရေးအတွက် အင်အားပြည့်ထားရှိကြောင်း၊ ဟာလဝါမုန့်မှာ ခရီးသွားလက်ဆောင်တစ်မျိုးဖြစ်၍ ခရီးသွားလာမှုများပြားမှ ထုတ်လုပ်မှုအားကောင်းကြောင်း၊ ဟာလဝါမုန့်အစိုမှာ ရက်သတ္တတစ်ပတ်နှင့် ဟာလဝါမုန့်အခြောက်မှာ ရက်သတ္တ သုံးပတ် ခံကြောင်း၊ ထို့ကြောင့် ဈေးကွက်အပေါ် မူတည်၍သာ ထုတ်လုပ်ရကြောင်း၊ သန့်ရှင်းလတ်ဆတ်မှု ကောင်းမွန်ကြောင်း၊ လက်ရှိတွင် ဟာလဝါမုန့်အစိုမှာ ဈေးကွက်ပိုဝင်ကြောင်း။

မိမိတို့အနေဖြင့် စစ်မှန်သော ကုန်ကြမ်းပစ္စည်းများကိုသာ အသုံးပြုကြောင်း၊ လက်ရှိ မိုးရာသီကာလတွင် ခရီးသွားနည်း၍ အရောင်းအဝယ်အေးနေသေးကြောင်း၊ လာမည့် ပွင့်လင်းရာသီရောက်မှ ရောင်းအားပိုတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

**ရန်ကုန်　စက်တင်ဘာ　၁၁**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးကျော်ဆင့်၊ စစ်ဆေးရေးမှူး(၃) ဦးမျိုးအောင်လင်းနှင့် အမှတ်(၃)ယာဉ်ထိန်းနယ်မြေမှ နယ်မြေမှူး ဒုတိယရဲမှူးမြင့်အောင်တို့ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၁၈၀အား လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀ တို့အားလည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပို့ချခဲ့ကြသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၉-၂၀၁၁ (တနင်္လာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "သန္တာဦးဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိဟောကြားတော်မူသော တော်သလင်းလပြည့် (ဂုရုခမ္မ အခါတော်နေ့)တရားတော်" |
| ၆း၃၀ | ဖူးမြော်စေချင်. . . ထားဝယ်မြို့မှ ရှင်ကိုးရှင် |
| ၆း၅၀ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၄)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၆)** |
| ၈း၅၀ | စေတနာအခြေခံတောင်ကြီးမြို့ရဲ့ မြတ်ဆုနိဗ္ဗာန် |
| ၉း၀၅ | ကြည်နူးပီတိဖြစ်ဖွယ်ရာ ထီးဆောင်းရွာမှ ဓမ္မစကြာ |
| ၉း၁၅ | မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ |
| ၉း၃၅ | MRTV-4 ကျန်းမာရေးကဏ္ဍ |
| ၁၀း၁၅ | A Journey to the Korea (Part-5) |
| ၁၀း၃၅ | The Champion of Dance |
| ၁၁း၀၅ | Celebrity Choice |
| ၁၁း၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၁၀ | မြတ်နိုးဖွယ်ရာ မြန်မာကဗျာ |
| ၁၂း၂၅ | ဗုဒ္ဓဂယာဘုရားဖူးများအတွက် သိကောင်းစရာများ(အပိုင်း-၁) |
| ၁း၀၀ | "သန္တာဦးဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိဟောကြားတော်မူသော တော်သလင်းလပြည့် (ဂုရုခမ္မ အခါတော်နေ့)တရားတော်" |
| ၁း၄၅ | ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Activities In The City |
| ၂း၄၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အသည်းတံခါးများဟာစိဟာစိ" |
| ၃း၁၅ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၄)** |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၆)** |
| ၄း၅၅ | ဆန္ဒပြည့်ဝ. . . ဖူးကြမသွေ နှစ်ဆန်ဗုဒ္ဓေ |
| ၅း၁၅ | ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)၏ဂုဏ်ပြုဆုများချီးမြှင့်ပွဲ |
| ၅း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Sunday Talk (တေးရေးမြင့်မိုးအောင်၊ မျိုးမြတ်သူ) |
| ၆း၅၀ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၅)** |
| ၇း၃၅ | ဗီဒီယိုပြခန်း |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | စကားနပန်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၇)** |
| ၁၀း၁၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၃၀ | ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ(ဒေါက်တာမိုလာ) |
| ၁၀း၄၅ | International Show Biz |
| ၁၁း၀၀ | မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့ |
| ၁၁း၁၀ | ဈေးဝယ်လမ်းညွှန် |
| ၁၁း၄၅ | အဆီအနှစ်ပြည့်ဝသော သဘာဝအရသာနန်းဝေရှိုမှုန့်မှာ |
| ၁၂း၀၀ | နုယဉ်ဆန်းထွင်ပန်းအလှဆင် |
| ၁၂း၂၀ | အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင် |
| ၁၂း၃၀ | ကိုယ်ပိုင်ဟန်ဖက်ရှင် |
| ၁၂း၄၅ | Shooting Location |
| ၁း၂၅ | Barclays Premier League (QPR Vs Newcastle) |
| ၃း၁၅ | လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ |
| ၃း၄၀ | ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း |
| ၄း၁၅ | ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်) |
| ၄း၂၀ | စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort) |
| ၄း၄၀ | လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည် |
| ၄း၅၀ | ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ |
| ၅း၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၂၅ | QPR - Newcastle | ESPN (MRTV-4) (Live) |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၏ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများသို့ အလုပ်သဘော လေ့လာရေးခရီးသွားရောက်ခဲ့ပြီးနောက် စက်တင်ဘာ ၁၀ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူသည် စက်တင်ဘာ ၅ရက် မွန်းလွဲပိုင်းတွင် အိုဆာကာမြို့ရှိ Konosuke Matsushita Museum သို့ လည်းကောင်း၊ ဂျပန်နိုင်ငံ ပစိဖိတ်ဒေသ လူ့စွမ်းအား အရင်းအမြစ် ဖလှယ်ရေး ဗဟိုဌာန (Pacific Resource Exchange Centre- PREX) သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာပြီး PREX ၏ အကြီးတန်းဦးဆောင်ညွှန်ကြားရေးမှူး Mr. Kenji FUJITA ဦးဆောင်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပစိဖိတ်ဒေသ လူ့စွမ်းအား အရင်းအမြစ်ဖလှယ်ရေး ဗဟိုဌာနတို့အကြား နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေးအတွက် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် Kansai Economic Federation; Managing Director Mr. Kaoru Yamakawa နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် ဂျပန်နိုင်ငံ ဒေသဆိုင်ရာအုပ်ချုပ်ရေးယဉ်ကျေးမှုသိပ္ပံ (Japan Intercultural Academy of Municipalities-JIAM) သို့ သွားရောက်ကြပြီး သင်တန်းခန်းမများ၊ စာကြည့်တိုက်၊ သင်တန်းသားများအား လက်တွေ့လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေနှင့် သင်တန်းသား အိပ်ဆောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

စက်တင်ဘာ ၇ရက် မွန်းလွဲပိုင်းတွင် ကိုဘေးမြို့ အခြေစိုက် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ရုံးသို့ သွားရောက်၍ ကောင်စစ်ဝန်ချုပ် Mr. Takashi NAGATE အား တွေ့ဆုံနှုတ်ဆက်ကာ မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**ဆွေးနွေးညှိနှိုင်း**

စက်တင်ဘာ ၈ရက် ညနေပိုင်းတွင် ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်တင်လိုက်ပါလျက် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်းသို့ သွားရောက်ပြီး President Dr. Akinori Seki ဦးဆောင်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့သည်။

**အမြင်ချင်းဖလှယ်**

စက်တင်ဘာ ၉ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ ASIAN Productivity Organization ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (National Personal Authority- NPA) ၌ လည်းကောင်း တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဂျပန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်စုဆောင်းခြင်း၊ သင်တန်းများဖွင့်လှစ်လေ့ကျင့်ပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ဇေယျာပညာဖောင်ဒေးရှင်း (စစ်ကိုင်းတိုင်းဒေသကြီး) ပညာသင်ဆုရရှိသော ကျောင်းသူတစ်ဦးအား ပညာသင်ဆု ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# ဇေယျာပညာဖောင်ဒေးရှင်း (စစ်ကိုင်းတိုင်းဒေသကြီး) ပညာသင်ဆုနှင့် ဦးတင်မောင် ပညာသင်ဆု ချီးမြှင့်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၁

**ဇေယျာပညာဖောင်ဒေးရှင်း(စစ်ကိုင်းတိုင်းဒေသကြီး) ပညာသင်ဆုနှင့် ဦးတင်မောင် ပညာသင်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက် မွန်းလွဲ၁နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အမှာစကားပြောကြားပြီး ဇေယျာပညာဖောင်ဒေးရှင်း(စစ်ကိုင်းတိုင်းဒေသကြီး) ပညာသင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုများ ပေးအပ်ချီးမြှင့်သည်။**

**ရှင်းလင်းတင်ပြ**

ထို့နောက်ဦးတင်မောင်ပညာသင်ဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်က ပညာသင်ဆု ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား မကွေးဆေးတက္ကသိုလ် ပထမနှစ်ကျောင်းသူ မယုမွန်အောင်နှင့် ကွန်ပျူတာတက္ကသိုလ် မဟာသိပ္ပံကျောင်းသား မောင်ထင်လင်းအောင်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ဇေယျာပညာဖောင်ဒေးရှင်း(စစ်ကိုင်းတိုင်းဒေသကြီး)ပညာသင်ဆုနှင့် ဦးတင်မောင်ပညာသင်ဆုတို့ကို ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၈၀ကို စတင်ချီးမြှင့်ပေးခဲ့သည်။

ယနေ့ အခမ်းအနားတွင် ၂၀၀၅ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက်မှ ဆေးတက္ကသိုလ် ၈၅ ဦး၊ နည်းပညာတက္ကသိုလ်၁၀၅ဦး၊ကွန်ပျူတာတက္ကသိုလ် ၄၉ဦး၊ တိုင်းရင်းဆေးတက္ကသိုလ် ၂၈ဦး၊ စိုက်ပျိုးရေးတက္ကသိုလ် ၂၆ဦး စုစုပေါင်း တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၂၉၃ ဦးတို့အား ဇေယျာပညာဖောင်ဒေးရှင်း (စစ်ကိုင်းတိုင်းဒေသကြီး) ပညာသင်ဆု ငွေကျပ် ၁၄၇၀၀၀၀၀နှင့် ဦးတင်မောင် ပညာသင်ဆုငွေကျပ် ၄၄၀၈၀၀၀၀ နှစ်ရပ်ပေါင်းပညာသင်ဆုငွေကျပ်၅၈၇၈၀၀၀၀ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

# ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးကျော်လွင် ရှမ်းပြည်နယ် လမ်းနှင့်တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ပင်းတယ-ရပ်စောက်လမ်း မိုင်တိုင်အမှတ်(၂၈/၇)နှင့် (၂၉/၀)အကြားတွင် မိုးသည်းထန်စွာ ရွာသွန်း၍ တံတားအမှတ်(၄/၂၉) ရေတိုက်စား ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ အောင်ပန်း-ပင်လောင်းလမ်း မိုင်တိုင်အမှတ်(၁၄/၇) အနီးရှိ ဘီလူးချောင်းတံတားကြွခိုင်မှု၊ တံတားတိုင်စင်များ ထောက်မထားရှိမှုနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရွှေညောင်-ညောင်ရွှေ-တုံးဟုံး-ပင်လောင်းလမ်း မိုင်တိုင်အမှတ် (၁၆/၄)နှင့်(၁၆/၅)အကြား၌ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော တုံးဟုံးတံတား တည်ဆောက်ရေးစီမံကိန်းရှိ တံတားဘိုးပိုင်တူးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တုံးဟုံးတံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၉)က တည်ဆောက်နေခြင်းဖြစ်ပြီး ပေ ၂၄၀ ရှည် RC ကွန်ကရစ်နှစ်လမ်းသွားတံတားဖြစ်၍ ယခုအခါ ကမ်းကပ်ခုံနှစ်ဖက် ကွန်ကရစ်လုပ်ငန်းများပြီးစီးကာရေလယ်တိုင်ရှစ်ပေအကျယ်၊ ၃၈ ပေ ၆ လက်မအနက်၊ သံခွေ Shell သံကူကွန်ကရစ်အုတ်မြစ်လေးလုံး တည်ဆောက်ရန်ရှိသည့်အနက် တစ်လုံးပြီးစီး၍ဆက်လက်ဆောင်ရွက် ဆဲဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**ကွယ်လွန်သူ ဦးခင်မောင်သန်း (၂)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ဒေါ်ခင်မေအုန်းနှင့် သားသမီးမြေးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်ခုနစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဦးအောင်ခင် လက်ခံစဉ်။** (ဇီဝိတဒါနသံဃာ့ဆေးရုံ)

# စမ်းချောင်းမြို့နယ်နေရာအချို့ ယာဉ်ကြောပိတ်ဆို့

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အတွင်းတွင် ၂၀၁၁ ခုနှစ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်လာရာ ဗဟိုလမ်း(ယခင်ရှမ်းလမ်း) နှင့် ပန်းလှိုင်လမ်းဆုံရာတစ်ဝိုက်တွင် ည ၆ နာရီခွဲခန့်မှ စတင်ကာ ည ၉ နာရီခွဲခန့်၊ တစ်ခါတရံ ည ၁၀ နာရီခွဲခန့် အထိပင် ရှုပ်ထွေးပိတ်ဆို့နေတတ်ကြောင်း သိရသည်။

"အဲဒီနေရာမှာ လမ်းဘေးဈေးသည်တွေ၊ အစားအသောက်ရောင်းတဲ့ဆိုင်တွေက ကတ္တရာလမ်း ပခုံးသားလောက်အထိ တိုးချဲ့နေရာယူတာတွေ၊ တက္ကစီတွေက တန်းစီရပ်ပြီး ခရီးသည်စောင့်ခေါ်တာတွေကြောင့် ယာဉ်ကြောပိတ်ဆို့သလို ပုဂ္ဂလိက ဆေးရုံကိုလာတဲ့ ယာဉ်တွေကလည်း သတ်မှတ်ပေးထားတဲ့ ယာဉ်ရပ်နားဖို့ နေရာမှာသွားမရပ်ကြဘဲ လမ်းပေါ်မှာပဲရပ်လာတော့ လမ်းဒီ ဘက်ခြမ်းမှာလည်း ယာဉ်နှစ်ထပ်၊ ဟိုဘက်ခြမ်းမှာလည်း ယာဉ်နှစ်ထပ်တွေဖြစ်လာတဲ့အခါ ယာဉ်ကြောတွေ ပိတ်ဆို့ကုန်ရော" ဟု သီရိမင်္ဂလာလမ်းတွင်နေထိုင်သူတစ်ဦးက ပြောပြသည်။

ထို့အတူ မြေနီကုန်းလမ်းဆုံရှိ ဒဂုံစင်တာရှေ့တွင်လည်း စည်းကမ်းမဲ့စွာ ရပ်ထားသော တက္ကစီများ၊ ဈေးဝယ်လာသည့် ကိုယ်ပိုင်ယာဉ်များနှင့် တာမွေ၊ တောင်ဥက္ကလာပ၊ သာကေတ၊ ရွှေတိဂုံဘုရားဘက်သို့ သွားသော ခရီးသည်တင်ယာဉ်များက အချိန်ကြာမြင့်စွာရပ်တန့်ကာ ခရီးသည်များ စောင့်ခေါ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့နေခြင်းဖြစ်ရာ မလိုလားအပ်သော အန္တရာယ်များဖြစ်ပေါ် လာနိုင်ကြောင်းသိရသည်။ (၆၈၀)

**၂၀၁၀-၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်ဖိုလ်ဖိုလ်ကျော့ရှင်းအား ပဲခူးမြို့ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းလင်းနှင့် ဒေါ်စိန်စိန်လှိုင်တို့က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (မြို့နယ်ထွေ/အုပ်)

# နိုင်ငံတကာ ဂီတအနုပညာရပ်ဝန်း

## DJ တစ်ယောက်ဖြစ်ရန် သင်ယူနေသည့် ပဲရစ်ဟီလ်တန်

ကမ္ဘာကျော် ဂီတငွေကြယ်ပွင့် ပဲရစ်ဟီလ်တန်က ထိပ်တန်း DJ ဂီတအနုပညာသမားတစ်ယောက်ဖြစ်ရန်လေ့လာသင်ယူလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ပဲရစ်ဟီလ်တန်ကသူမ၏နောက်ထပ်ထွက်ရှိလာမည့် အယ်လ်ဘမ်သစ်တွင် DJ ဂီတ အကအလှများဖြင့် ဖန်တီးထုတ်လုပ်ရန် နိုင်ငံတကာ DJ ဂီတပညာရှင်များဖြစ်သည့်အဖာရိုဂျက်နှင့် ဒက်မောဖိုက်တို့ထံ DJ ဂီတ ပညာရပ်များကို လှည့်လည်လေ့လာသင်ယူလျက် ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အသက်(၃၀)အရွယ်ရှိ ပဲရစ်ဟီလ်တန်က ဒက်မောဖိုက်နှင့် တွဲဖက်၍ စင်မြင့်ထက်တွင် သီဆိုဖျော်ဖြေရန် စီစဉ် လျက်ရှိကြောင်းနှင့် DJ ဂီတဘုရင်မ ဖြစ်လာရန် ရည်ရွယ်လျက်ရှိသည်ဟု ဆိုသည်။

၎င်း၏ တေးအယ်လ်ဘမ်သစ်ကို ယခုနှစ်ကုန်ပိုင်းတွင် ထုတ်လုပ်ဖြန့်ချိသွားရန် စီစဉ်ထားကြောင်း သိရသည်။ **အင်တာနက်။**

**အေဝမ်းစိုး**

## အချပ်ရေ နှစ်သိန်းကျော် ရောင်းချခဲ့ရသည့် စူပါဂျူနီယာ၏ နောက်ဆုံးထွက်တေးအယ်လ်ဘမ်

နာမည်ကျော်ကိုရီးယားလူငယ်တေးဂီတအဖွဲ့ စူပါဂျူနီယာ၏ နောက်ဆုံးထွက်ရှိခဲ့သော တေးအယ်လ်ဘမ် Mr.Simple မှာ ပြီးခဲ့သည့် ဩဂုတ်လအတွင်း အချပ်ရေ ၂၈၇၄၂၀ကျော် ရောင်းချခဲ့ရကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

စူပါဂျူနီယာတေးဂီတအဖွဲ့၏ Mr.Simple တေးအယ်လ်ဘမ်မှာ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကိုရီးယားနိုင်ငံ၏ ပြည်တွင်းဂီတဈေးကွက်တွင် အရောင်းရဆုံးနံပါတ်တစ်နေရာတွင် ရပ်တည်နိုင်ခဲ့သကဲ့သို့ ပြည်ပဈေးကွက်အတော်များများတွင်လည်း အရောင်းရဆုံး နံပါတ်တစ်နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ယင်းအဖွဲ့၏နောက် ဒုတိယနေရာတွင် INFINITE ကိုရီးယားတေးဂီတအဖွဲ့၏ အယ်လ်ဘမ် OVER THE TOP က အချပ်ရေ ၁၉၃၂၀ ဖြင့် ရပ်တည်လျက်ရှိသည်။

ယင်းနောက် ဟစ်ပ်ဟော့အဆိုတော် လီအက်စ်ဆန်း၏ သတ္တမမြောက်တေးအယ်လ်ဘမ် Asu Ra Bal Bal Ta က အချပ်ရေ ၁၄၂၂၂ ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ **အင်တာနက်။**

**✱ ကျောဖုံးမှ**

အနာဂတ်ကာလများတွင် မြန်မာမီနီဆလွန်းကားများကိုပါ (Show Room) များတွင် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်လုပ်နိုင်ရန် စိစစ်ဆောင်ရွက်ပေးနေမှု၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ဟောင်းနွမ်းဘတ်စ်ကားများကို စီးတီးဘတ်စ်ကားများဖြင့် အစားထိုးပေးသွားမည့် အစီအမံများ၊ ပြည်သူများအနေဖြင့် တရားဝင်ယာဉ်များနှင့် စက်ရုံထုတ်ယာဉ်အသစ်များကို သိက္ခာရှိစွာ စီးနင်းနိုင်ရန် စနစ်တကျ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ပေးနေမှုများ၊ ပြည်ပတွင် ရောက်ရှိနေသော အလုပ်သမားများအနေဖြင့် ၎င်းတို့၏ ဝင်ငွေများကို အကျိုးရှိစွာ အသုံးချနိုင်မှု၊ ပြည်သူလူထုအကျိုးစီးပွားအတွက် လုပ်ငန်းကိစ္စအဝဝကို အဆင်ပြေချောမွေ့စေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းဂျာနယ်သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းချက်များကို ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် GSM မိုဘိုင်းစခန်းသစ် ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်ကွက် ဝက်ဘာကွင်းအနီး၌ ရခိုင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ IGE ကုမ္ပဏီတို့ ပူးပေါင်း ကျင်းပသည့် GSM မိုဘိုင်း လိုင်းလေးသန်း တိုးချဲ့ခြင်းစီမံကိန်းအရ စစ်တွေမြို့ GSM မိုဘိုင်းစခန်းသစ် အဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

**ပန္နက်တင်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဌာနဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင်များအဖွဲ့ IGE ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာတို့က စခန်းသစ် အဆောက်အအုံအတွက် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြသည်။

ရခိုင်ပြည်နယ်တွင် လက်ရှိတယ်လီဖုန်း Density မှာ ၁ ဒသမ ဝ၉ ရာခိုင်နှုန်းဖြစ်ပြီး ယခု GSM မိုဘိုင်းလိုင်းလေးသန်း တိုးချဲ့ခြင်းစီမံကိန်းအရ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၆ မြို့နယ်၌ တိုးချဲ့စခန်းသစ် ၄၉ ခု တည်ဆောက်လျက် လိုင်းအင်အား ၁၄၂၀၀၀ တိုးချဲ့တပ်ဆင်ပြီးပါက တယ်လီဖုန်း Density မှာ ၅ ဒသမ ၈၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်း တယ်လီဖုန်းသုံးစွဲမှုမှာ လူ ၁၀၀ လျှင် ခြောက်ဦးခန့်အထိ သုံးစွဲလာနိုင်တော့မည်ဖြစ်သည်။

(သတင်းစဉ်)

## နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၁

**တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူး ဦးသန်းဌေးက ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၁ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ထားဝယ်မြို့ အထက(၁)မှ နဝမတန်းကျောင်းသူ မဆုလဲ့ဝင့်နွေ၊ ဒုတိယဆုရ ထားဝယ်မြို့ အထက(၁)မှ နဝမတန်းကျောင်းသူ မမေအိဇင်နှင့် တတိယဆုရ မြိတ်မြို့ အလက(၃)မှ အဋ္ဌမတန်းကျောင်းသူ မယွန်းမိုမိုဆင့်တို့အားလည်းကောင်း၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ ပုလောမြို့ အထက(၁)မှ ပဉ္စမတန်းကျောင်းသူ မအေးသဉ္ဇာခိုင်၊ ဒုတိယဆုရ သရက်ချောင်းမြို့ ညောင်ဇင်အထကမှ ဆဋ္ဌမတန်းကျောင်းသား မောင်ပိုင်ဆက်ကိုနှင့် တတိယဆုရ ထားဝယ်မြို့ အထက(၂)မှ သတ္တမတန်းကျောင်းသား မောင်ကျော်သူရထွန်းတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၁၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းတွင် ပြသထားသည့် နိုင်ငံတကာ စာမတတ်သူ ပပျောက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲဝင် ဆုရ စာစီစာကုံးနှင့် ပိုစတာများ၊ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် ၂၀၁၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက် ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**▲ သက်တမ်းရင့်ယာဉ်များမှ**

ဖြစ်သွားတယ်။ ဈေးတွေ ချက်ချင်းတက်သွားတယ်။ ဒီမတိုင်ခင်ကတည်းက အောက်ကားတွေ အရောင်းအဝယ်ပြန်ဖြစ်နေပေမယ့် ဒါကြောင့်လို့တော့ မထင်ကြဘူး။ နောက်ပြီး တိုင်းဒေသကြီးအစိုးရက မြို့အင်္ဂါရပ်နဲ့ မညီတဲ့ကားတွေ စစ်ဆေးအရေးယူမယ် ပြောထားတော့ အောက်ကားတွေ နယ်နှင်မှာလားဆိုပြီး ပူပန်နေတဲ့ကြားက ဒီကားတွေ ဘာကြောင့်များ အရောင်းအဝယ် ပြန်ဖြစ်လာတာလဲ" ဟု ကားပွဲစားတစ်ဦးက ပြောသည်။

စက်တင်ဘာ ၁၀ ရက် ညနေပိုင်းအထိ ဗောက်စ်ဂွန်ကားတစ်စီးသည် ကျပ် ၁၅ သိန်း ဝန်းကျင်ခန့် ဈေးပေါက်နေရာမှ စက်တင်ဘာ ၁၀ ရက်ညနှင့် စက်တင်ဘာ ၁၁ ရက်တို့တွင် ရုတ်တရက် ဈေးမြင့်တက်သွားခဲ့သည်။ အခြားသော သက်တမ်းရင့် ယာဉ်များသည်လည်း ဈေးနှုန်းများ မြင့်တက်ခဲ့ကြသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြေညာချက်အရ မှတ်ပုံတင်သက်တမ်း နှစ် ၄၀ ကျော် ယာဉ်များ၊ နှစ် ၃၀ နှင့် ၄၀ ကြားယာဉ်များ၊ အနှစ် ၂၀ ကျော်မှ အနှစ် ၃၀ ကြား ယာဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အနှစ် ၄၀ ကျော် ယာဉ်များကို ဦးစားပေးအဆင့် (၁)သတ်မှတ်၍ ပယ်ဖျက်

သွားမည်ဖြစ်သည်။ ယာဉ်ဟောင်းကို အပ်နှံမှု မှတ်ပုံတင်ပြီးစီးပါက အပ်နှံမှုအမှတ်အသားတစ်စောင် ထုတ်ပေးမည်ဖြစ်ပြီး ယာဉ်ဟောင်းကို ဆက်လက်အသုံးပြုနိုင်ကာ ထုတ်လုပ်သည့် မူလနိုင်ငံ၏ ရောင်းဈေး ဒေါ်လာ သုံးထောင့်ငါးရာ ထက်မပိုသော ယာဉ်တစ်စီးအား ဝယ်ယူခွင့်ပါမစ် ထုတ်ပေးမည်ဖြစ်သည်။ ယင်းပါမစ်ဖြင့် ၁၉၉၅ ခုနှစ်နှင့်အထက် ခုနှစ်ပုံစံ မော်ဒယ်လ်ရှိ ယာဉ်များကို နိုင်ငံခြားမှမှာယူတင်သွင်းရန်ဖြစ်သည်။ အဆိုပါ ယာဉ်ဟောင်းယာဉ်အသစ်လဲလှယ်ရေးအစီအစဉ် အသစ်ကြောင့် သက်တမ်းရင့် မော်ဒယ်လ်နိမ့်ယာဉ်များ၏ ဈေးကွက် ရုတ်တရက် ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ရပြီး ရောင်းချလိုက်သူ ယာဉ်ပိုင်ရှင်အချို့မှာလည်း သတင်းအချက်အလက်သိရှိမှု နောက်ကျမှုအပေါ် နောင်တရနေသူများရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် ၂၀၀၆-၂၀၀၇ ကာလခန့်ကလည်း မော်ဒယ်လ်နိမ့်ယာဉ်များ နယ်နှင်ရန် စာရင်းဇယားကောက်ယူခဲ့သည်ဟု ကောလာဟလများ ထွက်ပေါ်ခဲ့ပြီး မဟုတ်မှန်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ပြန်လည်ရှင်းလင်းခဲ့သည်။ ယခုနှစ်ပိုင်းတွင်လည်း မြို့တော်အင်္ဂါရပ်နှင့် မညီညွတ်သော ခရီးသည်တင်ယာဉ်များ၊ စီးတီးတက္ကစီများကို စစ်ဆေးအရေးယူသွားရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ညွှန်ကြားခဲ့သည်။ ယခု မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များ ပယ်ဖျက်သွားရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး ကြေညာချက်ကြောင့် ယာဉ်ဟောင်းနှင့် ယာဉ်အသစ် လဲလှယ်နိုင်မည်ဖြစ်သော်လည်း အမှန်တကယ်အသုံးပြု စီးနင်းနေသူများ ခံစားခွင့်ရရှိရန်လိုအပ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ **(ဝဝ၁)**

**❍ သင့်တင့်ရုံမျှမှ**

နာတာရှည်ရောဂါဖြစ်ခြင်း၊ စိတ်ကျန်းမာရေး ပြဿနာများဖြစ်ပေါ်ခြင်း၊ အသက်(၇၀)အရွယ် ရောက်လာသောအခါ အမှတ်သတိ ချို့ယွင်းခြင်း စသည်တို့မှ ၂၈ ရာခိုင်နှုန်းလွတ်ကင်းသည်ဟု အဆိုပါ သုတေသနရလဒ်တွင် ဖော်ပြထားသည်။

**သတိမူ**

ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ် ယမကာသောက်သုံးရုံမျှဖြင့် အမျိုးသမီးကြီး ၁၁ ရာခိုင်နှုန်း၏ ကျန်းမာရေးကို ထူးထူးခြားခြား ကောင်းမွန်စေသည်ဟုလည်းဆိုသည်။ သို့ရာတွင် အမျိုးသမီးများ ယမကာကို သင့်တင့်မျှတစွာမှီဝဲခြင်းသည်ပင် ရင်သားကင်ဆာ ဖြစ်ပွားနိုင်ခြေမြင့်မားလာမည့် အန္တရာယ်နှင့် ဆက်စပ်နေသည်ကို သတိမူသင့်ကြောင်း သုတေသီစာတမ်းအဖွဲ့၏ခေါင်းဆောင် ဟားဗတ်ပြည်သူ့ကျန်းမာရေးကျောင်းမှ လေ့လာရေးနှင့် အာဟာရဆိုင်ရာ သုတေသန မန်နေဂျင်းဒါရိုက်တာချီဆွန်က ပြောကြားသည်။

အဆိုပါ စာတမ်းက ယခုလေ့လာမှုရလဒ်သည် အမျိုးသားများ၊ လူဖြူမဟုတ်သော အမျိုးသမီးများနှင့် မသက်ဆိုင်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ယမကာကို သင့်တင့်မျှတစွာ မှီဝဲခြင်းဖြင့် ကျန်းမာရေးကို အကျိုးပြုစေသည်ဟူသော အထောက်အထားကိုမူ အားဖြည့်ပေးသည်ဟု ဆိုထားသည်။

**ဇင်ထူး**

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

### ရုပ်ကျိုး ဘီးကျွတ်၍ ယာဉ်တိုက်မှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၁**

အမှတ်(၁၀၅) မော်တော်ယာဉ်လိုင်းမှ ယာဉ်အမှတ် သ/-------သည် ယမန်နေ့မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်မြို့တွင်းမှ မင်္ဂလာဈေးဘက်သို့ မောင်းနှင်လာစဉ် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း စိန်ပေါလ်မှတ်တိုင်အနီး၌ ရှပ်ကျိုး၍ ယာဉ်နောက်ဝဲဘက်ခြမ်းမှ ဘီးနှစ်လုံးကျွတ်ပြီး လူသွားစင်္ကြံကိုကျော်ကာ လမ်းဘေးရှိ မဟော်ဂနီပင်နှင့် မှတ်တိုင်အနီးရှိ တိုက် ဆင်ဝင်တိုင်ကို တိုက်မိသွားသည်။ ယာဉ်မတော်တဆဖြစ်မှုကြောင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

**(ရီရီမြင့်-သတင်းစဉ်)**

### ဘတ်စ်ကားယာဉ်မောင်း ကားပျောက်၍ တိုင်ကြား

**ရန်ကုန် စက်တင်ဘာ ၁၁**

ပြီးခဲ့သည့် ဩဂုတ်လ နောက်ဆုံးပတ်က ဘတ်စ်ကားယာဉ်မောင်းတစ်ဦး ၎င်း၏ကား ပျောက်ဆုံးသွားသဖြင့် ရဲစခန်းသို့ တိုင်ကြားသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် ည ၇ နာရီ ၃၅ မိနစ်တွင် မထသ(မြို့တွင်း) ဌာနခွဲ(၄)ယာဉ်ငယ်အမှတ်(၃)(အဝါ)ယာဉ်လိုင်းမှ ယာဉ်အမှတ် (ဒ/-)အား ယာဉ်ပိုင်ရှင်လည်းဖြစ် ယာဉ်မောင်းသူလည်းဖြစ်သူသည် သဘာဝဓာတ်ငွေ့ဆိုင်၌ ဂက်စ်ထည့်ကာ ည ၁၁ နာရီခွဲတွင် နောက်နေ့နံနက် ဂိတ်ဖွင့်ပြေးဆွဲရန်အတွက် အလုံသခင်မြပန်းခြံရှိ ဂိတ်ရင်း၌ အခြားကားများနှင့်အတူ ဂိတ်ထိုးထားခဲ့ကြောင်း၊ ဩဂုတ် ၂၉ ရက် နံနက် ၅ နာရီတွင် လိုင်းဆွဲရန် ဂိတ်ရင်းသို့ ရောက်ရှိလာရာ ညက ထားခဲ့သော ၎င်း၏ကားမှာ ပျောက်ဆုံးနေသဖြင့် အလုံရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သည်။

ထိုသို့ တိုင်ကြားပြီးနောက် ယာဉ်မှုစစ်ရုံးက တိုင်ကြားထားသည့် ယာဉ်သည် ဩဂုတ် ၂၉ ရက် နံနက် ၂ နာရီ ၃၅ မိနစ်တွင် လသာမြို့နယ် ကမ်းနားလမ်းနှင့် (၁၈)လမ်းထိပ်၌ တိမ်းမှောက်ခဲ့ကြောင်း၊ မော်တော်ယာဉ်ကို မောင်းနှင်လာသူနှင့် အဖော်တစ်ဦးတို့ ထွက်ပြေးသွားသဖြင့် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ တိမ်းမှောက်မှုကြောင့် ရှေ့လေကာမှန်ကွဲပြီး ရှေ့ဘောနပ်တွန့်ကြေသွားကြောင်း သိရသည်။

**(ညွှန့်သန်း-သတင်းစဉ်)**

### ဆိုင်ကယ်အရှိန်လွန် တိမ်းမှောက်၍ တစ်ဦးသေ

**နွားထိုးကြီး စက်တင်ဘာ ၁၁**

နွားထိုးကြီးမြို့နယ် ဆူးရစ်ကုန်းရွာသို့ ရွာပြန်အလှူလုပ်ပြီး သပိတ်ကျင်းမြို့နယ် ရွှေတောသို့ အပြန် ဩဂုတ် ၃၀ ရက်နံနက် ၈ နာရီခန့်တွင် ဂျာလင်းစူပါကပ်တစ်စီး နွားထိုးကြီးမြို့နယ် အုတ်တွင်းရွာအနီး မြင်းခြံ-မန္တလေး ကားလမ်းမိုင်တိုင်(၂၄/၃)နှင့် (၂၄/၄)ကြား လမ်းဘေးထိုးကျကာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွား၍ နွားထိုးကြီးရဲစခန်းက (ပ)၇၆/၂၀၁၁ ပုဒ်မ ၃၀၄/၃၃၇ ဖြင့် အရေးယူထားသည်။

သေဆုံးသူမှာ နွားထိုးကြီးမြို့နယ် ဆူးရစ်ကုန်းရွာသား သပိတ်ကျင်းမြို့နယ် ခုနစ်မိုင် ကဘဲရပ်တွင် နေထိုင်သူ ဖိုးဇော် (၄၃)နှစ်ဖြစ်ပြီး ဒဏ်ရာရသူမှာ သပိတ်ကျင်းမှ ဇင်ထွန်း (၃၁)နှစ် ဆိုသူတို့ ဖြစ်ကြသည်။ လိုင်စင်မဲ့ဆိုင်ကယ်ကို နှစ်ယောက်စီးလာစဉ် အရှိန်လွန်တိမ်းမှောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(၉၅)**

# မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

**မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Myanmar Petroleum Resources-1. Ltd. တို့ ပူးပေါင်းဆောင်ရွက်နေသည့် ရေနံပေနက်အစမ်းတွင်း (MDE-1) တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ MDE-1 သည် အနက်ပေ ၈၀၀၀ ကျော်ခန့် တူးဖော်ပြီးဖြစ်သဖြင့် ဆက်လက်တူးဖော်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။**

ထိုမှတစ်ဆင့် ပွင့်ဖြူမြို့နယ် လယ်ဖီလာကျေးရွာအနီး Myanmar Golden Seed စိုက်ပျိုးရေးကုမ္ပဏီက အမြင့် ၁၅ပေ၊ အရှည်ပေ ၈၀ရှိ ခြောက်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု၊ သိပ္ပံနည်းကျ ပစ်တိုင်းထောင်နည်းစနစ်ဖြင့် မိုးစပါးများစိုက်ပျိုးနေမှုနှင့် ပျိုးထောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံမှာကြား**

ထို့နောက် ပွင့်ဖြူမြို့နယ် ချည်မျှင်နှင့် အထည်စက်ရုံခန်းမ၌ စက်ရုံမှူးနှင့် စက်ရုံတာဝန်ခံအရာရှိများအား တွေ့ဆုံ၍ စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး စက်ရုံအတွင်း ကုန်ကြမ်းမှ ကုန်ချောအဆင့်အဆင့် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း၏ အဆင့်မြင့်လယ်ယာဖော်ထုတ် စိုက်ပျိုးလျက်ရှိသော မိုးစပါး ၁၁ ဧက အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး စလင်း-စေတုတ္တရာလမ်း ဆင်ကြုံးကျေးရွာအနီး၌ ကတ္တရာထပ်ပိုးလွှာခင်းကျင်းပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တညောင်မြစ်ရေတင်သို့ ရောက်ရှိပြီး မိုးစပါးလျာထားဧက ၄၃၀၀ကို အချိန်မီစိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုတို့အပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

## ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

### ပါခွန်၏ ဂိုးဖြင့် ထိုင်းနိုင်ပွဲရ

**ရန်ကုန် စက်တင်ဘာ ၁**

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များအဖြစ် အုပ်စု (က) ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)

**ထိုင်း - တစ်ဂိုး**
**မလေးရှား - ဂိုးမရှိ**

နာမည်ကြီး မလေးရှားအသင်း နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရပြီး ကမ္ဘောဒီးယားကို အဖွင့်ပွဲစဉ်တွင် အနိုင်မရခဲ့သလို ယခုပွဲတွင်လည်း ထိုင်းကို ရှုံးနိမ့်ခဲ့သည်။ ထိုင်းအသင်း၏ ကစားပုံမှာ အကောင်းဆုံးပုံစံမရခဲ့သော်လည်း ဂိုးသမား ဝပ်ချာရာ လက်စွမ်းပြ ကာကွယ်နိုင်ခဲ့၍ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၇ မိနစ်တွင် တိုက်စစ်မှူး ပါခွန်က သွင်းယူပေးခဲ့သည်။မလေးရှားအသင်းမှာ နှစ်ပွဲကစားရာ၌ တစ်မှတ်သာရရှိသေးသောကြောင့် ဆီမီးတက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

(အောင်ဆန်းကွင်း)

**ကမ္ဘောဒီးယား - ငါးဂိုး**
**ဖိလစ်ပိုင် - သုံးဂိုး**

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

**(သုဝဏ္ဏကွင်း)**

မြန်မာ-ဘရူနိုင်း

**(အောင်ဆန်းကွင်း)**

အင်ဒိုနီးရှား-ဗီယက်နမ်

**သတင်းမှတ်စုနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

### ယူအက်စ်အိုးပင်း ဂျိုကိုဗစ်နှင့် ရာဖေးလ်နာဒယ်လ် ဗိုလ်လုမည်

**နယူးယောက် စက်တင်ဘာ ၁၁**

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ဂျိုကိုဗစ်နှင့် ရာဖေးလ်နာဒယ်လ်တို့ ဗိုလ်လုပွဲတက်နိုင်ခဲ့ကြပြီဖြစ်သည်။

အဆိုပါ ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲများတွင် ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်က ကမ္ဘာ့အဆင့်(၃) ရော်ဂျာဖက်ဒဲရားကို ၆-၇၊ ၄-၆၊ ၆-၃၊ ၆-၂၊ ၇-၅ဖြင့်လည်းကောင်း၊ ကမ္ဘာ့အဆင့် (၂) ရာဖေးလ်နာဒယ်လ်က ကမ္ဘာ့အဆင့်(၄) အင်ဒီမာရေးကို ၆-၄၊ ၆-၂၊ ၃-၆၊ ၆-၂ဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲရရှိသွားခြင်းဖြစ်သည်။

ဆားဘီးယားနိုင်ငံသား ဂျိုကိုဗစ်နှင့် စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်လ်တို့၏ နောက်ဆုံးဗိုလ်လုပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်ပြီး ပရိသတ်အကြိုက်ပွဲတစ်ပွဲဖြစ်လာဦးမည်ဖြစ်ကာ ဂျိုကိုဗစ်သည် ယခုပွဲအား အနိုင်ရရှိပါက ကမ္ဘာ့အဆင့် (၁) နေရာကို ဆက်လက်ထိန်းထားနိုင်ဦးမည်ဖြစ်သည်။

**အမျိုးသမီးတစ်ဦးချင်း**

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၂၈) ရှိ အမေရိကန်နိုင်ငံသူ ဆရီနာဝီလျံက ကမ္ဘာ့အဆင့် (၁) ဒိန်းမတ်နိုင်ငံသူ ကာရိုလိုင်းဝေါ့ဇနက်ကီကို ၆-၂၊ ၆-၄ ဖြင့်လည်းကောင်း၊ ကမ္ဘာအဆင့် (၉) ရှိ ဩစတြေးလျတင်းနစ်မယ် ဆမန်သာစတိုဆာက ဂျာမနီတင်းနစ်မယ် ကာဘာကို ၆-၃၊ ၂-၆၊ ၆-၂ ဖြင့်လည်းကောင်း အသီးသီးနိုင်ပွဲရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

**အင်တာနက်။**

**ရှုံးနိမ့်သူ ဂျာမနီ တင်းနစ်မယ် ကာဘာ(ဝဲ) နှင့် အနိုင်ရသူ ဩစတြေးလျ တင်းနစ်မယ် ဆမန်သာ စတိုဆာ** (ယာ)။

### ချယ်လ်ဆီးတွင် ပုံမှန်ပွဲထွက်ခွင့်ရရေး ဟာနန်ဒိုတောရက်စ် ကြိုးပမ်းရမည်

**လန်ဒန် စက်တင်ဘာ ၁၁**

ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ဟာနန်ဒိုတောရက်စ် **(အပေါ်ပုံ)** သည် ဂိုးသွင်းခြေ ပျောက်ဆုံးနေခြင်းကြောင့် အသင်းတွင်ပုံမှန်ပွဲထွက်ခွင့်ရရှိရေးအတွက် ကြိုးပမ်းရတော့မည်ဟုနည်းပြအန်ဒရီဗီလာဘိုစ်က ထုတ်ဖော်ပြောကြားလိုက်သည်။

**ဂိုးသွင်းယူ**

ပြီးခဲ့သည့် စနေနေ့ညက ဆန်းဒါးလန်းကို ၂-၁ ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲတွင် တိုက်စစ်မှူး စတာရက်ချ်က ချယ်လ်ဆီးအတွက် ဂိုးသွင်းယူပေးခဲ့ပြီးနောက်ပိုင်းတွင် နည်းပြက ယခုကဲ့သို့ ထုတ်ဖော်ပြောကြားလာခြင်းဖြစ်သည်။

**ခက်ခဲနေမည်**

လက်ရှိချယ်လ်ဆီးအသင်း၏ တိုက်စစ်ပိုင်းတွင် အနယ်လ်ကာ၊ ဒရော့ဘာ၊ ရိုမီယူ၊ ဂျူအန်မာတာနှင့် စတာရက်ချ်တို့ ရှိနေ၍ ဟာနန်ဒိုတောရက်စ်အနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ရရန် ခက်ခဲနေဦးမည်ဖြစ်သည်။ **အင်တာနက်။**

**ဟာန်သစ်**

### မြန်မာဝူရှူးအားကစားအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နှင့်ဝူဟန်မြို့တို့၌ ဝူရှူးအားကစားနည်း ပူးတွဲလေ့ကျင့်ရန်အတွက် မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်မှ အုပ်ချုပ်သူများဖြစ်ကြသော ဦးထွန်းထွန်းဦး(ဆန်းဆို)နှင့် ဦးခင်စိုး(ထောက်လှ)တို့ ခေါင်းဆောင်၍ နိုင်ငံခြားနည်းပြဆရာ နှစ်ဦးတို့နှင့်အတူ တင်လင်းအောင်၊ မောင်မောင်သန်း၊ ရာစုမောင်၊ ထွန်းထွန်းဝင်း၊ ဝေယံလင်း၊ သူရစိုး၊ ဝေဖြိုးအောင်၊ ကျော်ဇင်သစ်၊ ငြိမ်းချမ်းကိုကို၊ လှလှဝင်း၊ စုလှိုင်ဦး၊ စန္ဒီဦး၊ အိမ့်မီမီနှင့် ဝေမာထွန်းသိန်းတို့သည် စက်တင်ဘာ ၁၅ရက်မှ အောက်တိုဘာ ၁၅ရက်အထိ တစ်လကြာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည် ဖြစ်သည်။ (သတင်းစဉ်)

### (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

(၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၃ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းရှိ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအဖွဲ့လိုက်သုံးယောက်တွဲပြိုင်ပွဲ ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအဖွဲ့လိုက်သုံးယောက်တွဲ ပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု အားပေးနိုင်သည်။(သတင်းစဉ်)

### တရုတ်-အာဆီယံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ မြန်မာအမျိုးသားအသင်းဝင်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာအမျိုးသားဘတ်စကက်ဘော အသင်းသည် အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် တရုတ်-အာဆီယံ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ပဏာမ အမျိုးသားလက်ရွေးစင် ၁၅ ဦးကို လွန်ခဲ့သည့် တစ်နှစ်ခန့်ကစ၍ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရေးအတွက် စခန်းသွင်းလေ့ကျင့်ပေးခဲ့သည်။ ယခုအခါ အမျိုးသားလက်ရွေးစင် ၁၂ ဦးကို အပြီးသတ်ရွေးချယ်ထားပြီး မလေးရှားနည်းပြဆရာ Mr. TAN HOKE KANG က လေ့ကျင့်ပေးလျက်ရှိသည်။

တရုတ်-အာဆီယံ အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် နိုင်ငံတကာ အတွေ့အကြုံများရရှိကာ အားနည်းချက်များကိုလည်း အချိန်မီပြင်ဆင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူက ရှင်းပြသည်။ **(စိုးမင်း-သတင်းစဉ်)**

### တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် စက်တင်ဘာ ၁၁**

ဦးအောင်မျိုးမြင့်သည် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်ဂေါက်အသင်း(တည်င်းကုန်း)၌ ကစားဖော်များဖြစ်ကြသော ဦးတင့်လွင် (K.U.K)၊ ဦးဝင်းနိုင်၊ ဦးမျိုးလှိုင်၊ ဦးကျော်မင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Nike No.(3) ဘောလုံးကို Nike Iron(9) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၅ ကိုက်အကွာရှိ ကျင်းအမှတ် (၁၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

### အရက်မူးပြီး နွားတင်းကုပ်ကို မီးရှို့ရာက နေအိမ်သုံးလုံး မီးလောင်

**မင်းလှ စက်တင်ဘာ ၁၁**

ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မင်းလှမြို့နယ် ကန်ကျောကျေးရွာနေ မြင့်ငွေဆိုသူသည် အရက်မူးလာပြီး ၎င်းပိုင် နွားတင်းကုပ်ကို မီးရှို့ခဲ့ရာ အနီးရှိ နေအိမ်သုံးလုံးကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့သည်ဟု ဆိုသည်။ မီးလောင်မှုကြောင့် အမျိုးသား၊ အမျိုးသမီးကိုးဦးခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ယင်းအမှုနှင့်ပတ်သက်၍ ရေနံမရဲစခန်းက (ပ)၇၀/၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ အရ မြင့်ငွေကို အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။ **(စိမ့်သူ)**

### ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသည့် ကားတစ်စီး ဖမ်းဆီးရမိ

**ကြံ့ခင်း စက်တင်ဘာ ၁၁**

ဩဂုတ် ၃ ရက် နံနက် ၉ နာရီခန့်တွင် ပုသိမ်-မုံရွာအဝေးပြေးကားလမ်းမ မိုင်တိုင်အမှတ်(၁၃၀/၁)အနီး၌ မသင်္ကာဖွယ်ရာ တိုယိုတာလင်ခရူဇာ (နက်ပြာရောင်) ကားတစ်စီး ရပ်ထားကြောင်း သတင်းရရှိသဖြင့် ကြံ့ခင်းမြို့နယ် ဘက်ရဲ ရဲစခန်း ဒု-ရဲအုပ်ခိုင်စိုးဟန်နှင့်အဖွဲ့၊ မြို့နယ်သတင်းတပ်ဖွဲ့ (ကြံ့ခင်း) တပ်ဆွယ်နှင့် မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ကားပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားအရွယ်စုံ ၁ ဒသမ ၀၂၁၄ တန်အား တွေ့ရှိရပြီး ကားနှင့်အတူပါလာသူများ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဘက်ရဲ ရဲစခန်းမှ(ပ) ၃၅/၂၀၁၁၊ ပသပ ၆(၁) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်သွားသူများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၆၄၈)**

### လျှပ်စစ်မီးကြိုးအောက် ဖြတ်သန်းစဉ် မီးကြိုးပြတ်ကျ၍ သားအမိနှစ်ဦး ဓာတ်လိုက်သေဆုံး

**မြိုင် စက်တင်ဘာ ၁၁**

ဩဂုတ် ၂၁ ရက်က မြိုင်မြို့နယ် ကျောက်ခွက်ကျေးရွာနေ သားအမိနှစ်ဦး လယ်ထဲသို့ အတူထွက်လာစဉ် အမှတ် (၂) ရေနံမြေမှ ကျေးရွာ အရှေ့ဘက်ရှိ ဓမ္မပါလ ဘုန်းကြီးကျောင်းသို့ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးအောက် သို့အရောက် မီးကြိုးက မိခင်ဖြစ်သူ၏ လက်ပေါ်သို့ ပြတ်ကျခဲ့သည်ဟုဆိုသည်။

မီးကြိုးပြတ်ကျသဖြင့် အမျိုးသမီးကြီးနှင့် လက်တွဲလျှောက်လာသူသမီးတို့ နှစ်ဦးစလုံး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း၊ ယင်းအမှုကို ဗဟာင်းရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(စိမ့်သူ)**

## စက်တင်ဘာညီအစ်မသုံးဖော်အတွက်မွေးနေ့ဆု

စက်တင်ဘာ-

'၁၂' ရက်နေ့တွင် ကျရောက်သော **မယမင်းအေး(ခ)ငယ်လေး**

'၁၇' ရက်နေ့တွင် ကျရောက်သော **မဆုရတီစိုး(ခ)ဆုဆု**

'၂၂' ရက်နေ့တွင် ကျရောက်သော **မထက်ထက်ဦး(ခ)တွယ်တာ**

တို့၏ မွေးနေ့ရက်မြတ်မှ အသက်ရာကျော်ရှည်ပြီး၊ ကျန်းမာရွှင်လန်း၍ ဉာဏ်ပညာထူးချွန်ထက်မြက်ပြီး ဘဝခရီးလမ်းဖြောင့်ဖြူးစွာလျှောက်လှမ်းနိုင်စေကြောင်း မိဘ၊ဘိုးဘွား၊ဆွေမျိုးတစ်စုနှင့် ပျော်ရွှင်စွာ နေနိုင်စေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ ဒေါ်ဒေါ်၊**
**ထိပ်ထား၊ သဲသဲ၊ ဖိုးသား**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေကျွန်တော် မောင်သန့်စင်ဦး[၁၂/မရက(နိုင်)၀၄၆၂၄၁] နှင့် ထားဝယ်မြို့နေ ကျွန်မ မခခလှိုင်ဝင်း[၆/ထဝန(နိုင်)၀၈၇၆၅၁]တို့သည် နှစ်ဖက်မိဘတို့၏ သဘောတူခွင့်ပြုချက်အရ ၁၄-၈-၂၀၁၁ ရက်နေ့တွင် ထိုင်းနိုင်ငံ MAHARCHAI WAT JAREINSUKHARAM (BAN PHAN TIYA) (ဘုန်းတော်ကြီးကျောင်း)၌ မြန်မာဓလေ့ထုံးတမ်းစဉ်လာအရ မင်္ဂလာဦးဆွမ်းကျွေးပြုလုပ်၍ လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သန့်စင်ဦး-မခခလှိုင်ဝင်း**


## အထက ရွှေညောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့ အထက်တန်းကျောင်း၌ ၁၉၅၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက် (၅၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသူ၊ ကျောင်းသားများ စုပေါင်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျင်းပရေးကော်မတီရုံးခန်း (ရွှေညောင်လူငယ်စာကြည့်တိုက်) ဖုန်း-၀၈၁-၄၅၃၈၆၊ ဆရာမဒေါ်လဲ့လဲ့မူ ဖုန်း-၀၉-၄၉၃၆၄၀၁၉၊ ကိုကျော်ဇင်ဦး (ကိုစံကွေး) ဖုန်း-၀၈၁-၄၅၄၉၂၊ စိုင်းသူဝင်း ဖုန်း-၀၉-၄၃၀၀၈၈၅၃၊ နန္ဒ ဖုန်း-၀၉-၅၂၁၄၄၈၁၊ ကိုလှဝင်း ဖုန်း-၀၉၄၉၃၅၇၅၇၆၊ ကိုခင်မောင်အေး ဖုန်း-၀၉-၅၀၃၅၀၆၀၊ မစိုးစိုး ဖုန်း-၇၃၀-၂၇၅၉၈၊ ဦးထွန်းဇော်ဦး ဖုန်း-၀၁၅-၀၉၈၈၈ (၂၁၂၀) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အလှူငွေများကို ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ်-၀၀-၁၁-၂၂-၀၀၂၈၈၉၇ သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## တောင်အာဖရိကမှ ရှာကီရာတို့စုံတွဲ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ ရောက်ရှိ

ကိုကြီးသာ

**ရန်ကုန် စက်တင်ဘာ ၁၁**

တောင်အာဖရိကနိုင်ငံမှ မှာယူထားသော ကျားဝါတစ်စုံနှင့် ခြင်္သေ့ညိုတစ်စုံတို့သည် နေပြည်တော်မှတစ်ဆင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ မကြာမီက ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ရောက်ရှိလာသော တိရစ္ဆာန်များမှာ နှစ်နှစ်ခွဲအရွယ်ရှိ ခြင်္သေ့အထီး ဒိုးလေး၊ ခြင်္သေ့မလေး ရှာကီရာနှင့် နှစ်နှစ်အရွယ်ရှိ မိုက်ဟု အမည်ပေးထားသည့် ကျားအထီးနှင့် ဒေစီဟု အမည်ပေးထားသည့် ကျားမလေးတို့ ဖြစ်သည်။

**အသက် နှစ်နှစ်ခွဲအရွယ်ရှိသော ခြင်္သေ့အထီး ဒိုးလေးနှင့် ရှာကီရာအမည်ရှိ ခြင်္သေ့မလေးတို့ကို တွေ့ရစဉ်။**

အဆိုပါ ကျားဝါတစ်စုံနှင့် ခြင်္သေ့ညိုတစ်စုံတို့သည် ဩဂုတ် ၉ ရက်တွင် တောင်အာဖရိကနိုင်ငံမှ စင်းလုံးငှားလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာခဲ့သော ရှားပါးတိရစ္ဆာန် ၁၀ မျိုး ၈၅ ကောင်မှ ခွဲဝေပေးပို့သည့် တိရစ္ဆာန်များဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ကို ၁၉၀၆ ခုနှစ်တွင် စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပြီး တိရစ္ဆာန်ကောင်ရေ စုစုပေါင်း ၁၀၉၃ ကောင် မွေးမြူပြသထားကြောင်း သိရသည်။

**အသက် နှစ်နှစ်အရွယ်ရှိ ကျားဝါအထီး မိုက်နှင့် ဒေစီ အမည်ရှိ ကျားမလေးတို့ကို တွေ့ရစဉ်။**



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၉-၂၀၁၁ (တနင်္လာနေ့)**

**[၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်(ဥပုသ်နေ့)]**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀ ၄။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒ၏"ဂရုဓမ္မ အခါတော်နေ့"တရားတော်
၈း၃၅ ၅။ Inslands of Dhama(3)
၈း၄၅ ၆။ ဘဒ္ဒန္တသုမ္မောစာရ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မိုးကောင်းကျောင်းတိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃း၁၅ ၁။ AFF U-19 CHAMPIONSHIP 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Myanmar Vs Brunel DS)
၅း၁၅ ၂။ တေးဂီတအစီအစဉ်
၅း၂၅ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) [အထက(၁) သန်လျင်] (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅း၄၅ ၄။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း)အဆင့်] (အမျိုးသား)
၆း၀၀ ၅။ ညနေခင်းသတင်း
၆း၁၅ ၆။ မိုးလေဝသအခြေအနေ
၆း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၈။ **"တစ်ပါးသီလ(၂)" (ဖိုးသောကြာ၊မြင့်စိုးသား အောင်အောင်၊စောနိုင် (ရှမ်းပြည်)၊တင်တင်လှ၊ ဟန်လေး) (ဒါရိုက်တာ-(တင်မောင်အေး (တစ်ပါးသီလ)**
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ "ကွက်စိပ်" ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၁၃။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ" (အပိုင်း-၉)**
၁၅။ အိန္ဒိယရုပ်ရှင် "မေတ္တာဆုံမှတ်"(အပိုင်း-၁)
၁၆။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၁၇။ အစီအစဉ်ပြီး၏။

**ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ** **ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

# ပညာရေးမူဝါဒများ အောင်မြင်အောင် အကောင်အထည်ဖော်
# ကျောင်းသား၊ ကျောင်းသူများ စိတ်ဓာတ်မြင့်မားအောင် မြှင့်တင်
# ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပုံသွင်းပေး

နေပြည်တော် စက်တင်ဘာ ၁၁

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများအားတွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ပညာရေးဝန်ထမ်းများအနေဖြင့် ဆရာ့ဂုဏ်သိက္ခာမထိပါးစေဘဲ ကြိုးပမ်းဆောင်ရွက်ကြရန်၊ ချမှတ်ထားသော ပညာရေးမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်မြင့်မားနေအောင်မြှင့်တင်ပေးရန်၊ ကျောင်းအုပ်ချုပ်ရေးနှင့် သင်ကြားရေးလုပ်ငန်းများ ထိရောက်အောင် ကြိုးစားအားထုတ်ကြရန်၊ ဆရာ့ကျင့်ဝတ်နှင့် နာယကဂုဏ်တို့ကို လေးစားစောင့်ထိန်းရန်၊ လောကနီတိ၊ ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပုံသွင်းပေးရန်နှင့် ပညာရည်မြင့်မားရေးအတွက် အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။** (ဝဲပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ၂၁ လက်မ တီဗွီတစ်လုံး၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ လွယ်အိတ် ၂၅ လုံးနှင့် ခဲတံ ၂၅ ဒါဇင်တို့ကို ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ၂၁ လက်မ တီဗွီတစ်လုံး၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ လွယ်အိတ် ၂၅လုံးနှင့် ခဲတံ ၂၅ ဒါဇင်တို့ကို ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။(သတင်းစဉ်)

*ကျန်းမာရေးသုတေသန အင်တာနက်သတင်း*

## သင့်တင့်ရုံမျှ မှီဝဲပေး အမျိုးသမီးကြီးများ ကျန်းမာရေး

သက်လတ်ပိုင်းအရွယ်(လူဖြူ) အမျိုးသမီးများ ယမကာကို သင့်တင့်မျှတစွာမှီဝဲခြင်းက လုံးဝရှောင်ရှားခြင်းထက်ပို၍ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်ဟု နောက်ဆုံးလေ့လာတွေ့ရှိချက်တစ်ရပ်က ဆိုထားသည်။

ဟားဗတ်မှ သုတေသီများက လူဖြူအများစုပါဝင်သော အမျိုးသမီး ၁၄၀၀၀ ခန့်တို့ကို ၁၉၇၆ ခုနှစ်က စတင်၍ သုတေသနပြုလေ့လာခဲ့ခြင်းဖြစ်သည်။

အသက်(၅၀)ကျော်အရွယ်တွင် တစ်ပတ်လျှင် သုံးကြိမ်မှ ၁၅ ကြိမ်အကြား ယမကာမှီဝဲသူ အမျိုးသမီးကြီးများသည် ယမကာ လုံးဝရှောင်ရှားသူများထက် ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ဆုံးရှုံးခြင်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

# ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှု၍ သက်တမ်းကြာယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကို အမြန်ဆုံးဆောင်ရွက်ရန် စီစဉ်နေ

### ရှင်းလင်းပြောကြား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မှတ်ပုံတင်သက်တမ်းကြာမြင့် ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၁

**မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ် တင်သွင်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းဂျာနယ်များမှ စာတည်းများနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့က နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ပြည်သူလူထုအကျိုးစီးပွားကိုရှေးရှု၍ မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကို အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်စီစဉ်နေမှု၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ စသည့် နိုင်ငံများမှ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့်ဆက်သွယ်ပြီး ယာဉ်အရောင်းပြခန်း (Show Room) များ ဖွင့်လှစ်ရောင်းချရန် စီစဉ်နေမှု၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# သက်တမ်းရင့်ယာဉ်များ ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး
# မော်ဒယ်လ်နိမ့်ကားဈေးကွက် မြင့်တက်

မှတ်ပုံတင်သက်တမ်း ကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးကြေညာချက်ကို စက်တင်ဘာ ၁၀ ရက် မတိုင်မီကပင် မော်ဒယ်လ်နိမ့် ကားဈေးကွက်တွင် ဂယက်ရိုက်ခတ်မှုများ ရှိခဲ့သည်ဟု ကားလောကမှ စုံစမ်းသိရှိရသည်။ ကားဈေးကွက်တွင် မော်ဒယ်လ်နိမ့်ယာဉ်များ အရောင်းအဝယ်ပြန်ဖြစ်လျက်ရှိပြီး စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင်မူ သက်တမ်းရင့်မော်ဒယ်လ်နိမ့်ကားများ၏ ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့ပြီး ငွေကြေးတတ်နိုင်သူများက ရနိုင်သမျှ လိုက်လံဝယ်ယူမှုများရှိခဲ့ကြောင်း သတင်းရရှိသည်။

"အခုရက်ပိုင်းတွေမှာ အောက်ကားတွေပဲ အရောင်းအဝယ် ဖြစ်နေတာ။ ဘာကြောင့်လဲတော့ သေချာမသိဘူး။ ဈေးကလည်း ပုံမှန်အတိုင်းပဲ အရောင်းအဝယ် ဖြစ်နေခဲ့တာပါ။ ဒီမတိုင်ခင်ကတည်းက ကားဈေးတွေက ကျနေပြီးသားဆိုတော့ အကျဘက်နဲ့ အရောင်းအဝယ်ဖြစ်နေတဲ့သဘောပေါ့။ ဒါပေမယ့် စက်တင်ဘာလ ၁၀ ရက်နေ့မှ ပွဲစားတွေနဲ့ ငွေတတ်နိုင်သူတချို့ အောက်ကားတွေကို ရသလောက် လိုက်ဝယ်ကြတယ်။ သက်တမ်း ၄၀ ကျော် ကားတွေကိုပေါ့။ တချို့ဆို အစီး ၂၀ လောက်အထိ ဝယ်လိုက်နိုင်တယ်။ တချို့ သိတဲ့လူတွေက အောက်ကားတွေကို မရောင်းကြတော့ဘူး။ မသိလိုက်တဲ့သူတွေကတော့ ညတွင်းချင်းကို ရောင်းတာ။ နောက်နေ့မှာ အောက်ကားပိုင်ရှင်တွေက လုံးဝ မရောင်းတော့ဘူး။ အဲဒီမှာ အောက်ကားတွေ ဈေးတက်သွားတာပဲ။ လေးဘီးဆိုရင် သိန်း ၅၀ လောက်အထိကို

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ▲**